ကြေးမုံ
The Mirror
၁၉၅၇ ဇွေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (3-9-2015) (၈၃၁၂)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**ပေကျင်း စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်မှ ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားသံအမတ်ကြီး Mr. Pan Guang Xue၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မိသားစုများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** (ပြန်/ဆက်)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၃၈ ဒသမ ၅၁ သန်းရှိ

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၉ ဒသမ ၉၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၄ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၄ ဒသမ ၆၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၉ ဒသမ ၇၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၃၈ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၆၇ ဒသမ ၁၀ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၁၂ ဒသမ ၄၁ သန်းဖြစ်ပေါ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○

## ကလေးဝနှင့် မင်းကင်းမြို့တို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**



ကြေးမုံ စာ တည်း ရှု ထောင့် ၃-၉-၂၀၁၅၊ ကြာသပတေးနေ့

# တောင်တန်းဂေဟအလေးထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြောက်မှတောင်သို့ တောင်တန်းသုံးသွယ် ဆင်းသက်နေပါသည်။ သဘာဝကပေးသော လက်ဆောင်ဟုဆိုနိုင်သည့် အရှေ့ရိုးမတောင်တန်းကြီးသည် မြန်မာ့အိမ်ဂေဟာ၏ အရှေ့တံစက်မြိတ်ကို လုံခြုံစေပါသည်။ အနောက်ရိုးမတောင်တန်းကြီးသည်လည်း အနောက်တံစက်မြိတ်ကို လုံခြုံစေပါသည်။ အလယ်ရိုးမတောင်တန်းကြီးသည်ကား အရှေ့နှင့် အနောက်တောင်တန်းကြီး၏ ဂေဟစနစ်ကွာဟမှုကို အနည်းဆုံးဖြစ်အောင် အလယ်မှ ထိန်းညှိပေးသော သဘောဖြစ်သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူသည့် သဘာဝကပေးသော လက်ဆောင်ကောင်းများရှိသေးသည်ကို တင်ပြလျှင် ကုန်နိုင်ဖွယ်မထင်။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့်ထင်ဟပ်ဖော်ပြခြင်းသည်သာ အကျိုးများဖွယ်ဖြစ်နိုင်မည်။ မြန်မာတစ်နိုင်ငံလုံးကို ခြုံကြည့်မည်ဆိုပါက မြေမျက်နှာပြင်အနိမ့်အမြင့်အလိုက် တောင်တန်းကြီးများ၊ မြေနိမ့်ဒေသ၊ ကုန်းပြင်မြင့်များ ဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။ သို့သော် မြန်မာနိုင်ငံသည် ညီညာသော မြေပြန့်လွင်ပြင်အကျယ်အဝန်းထက် တောင်ကုန်း၊ တောင်တန်းနှင့် တောင်တန်းလွင်ပြင်များက ပို၍ကျယ်ပြန့်သည်ကို ဂြိုဟ်တုဓာတ်ပုံများတွင် မြင်တွေ့နိုင်ပါသည်။

အမှန်တကယ်တွင် မြန်မာ့ဦးခေါင်းဟုခေါ်ဆိုနိုင်သည့် မြောက်ဘက် တောင်ကုန်းဒေသသည်လည်း အထူးအရေးကြီးသည့်ဒေသတွင် ပါဝင်နေပါသည်။ အဆိုပါ တောင်ကုန်း၊ တောင်တန်း၊ မြေပြန့်လွင်ပြင်များကြားတွင် မြစ်ကြီးများကလည်း အလိုက်သင့်စီးဆင်းနေပါသည်။ လူသားတို့သည် ထိုတောင်ကုန်း၊တောင်တန်းများ၊ မြစ်ကြီး၊ ချောင်းကြီးများကို အမှီပြုရပ်တည် ရှင်သန်နေထိုင်ကြရပါသည်။

မိုးရာသီကာလတွင် မြန်မာနိုင်ငံရှိ ဒေသအတော်များများ၌ ရေကြီး ရေလျှံဖြစ်ပွားတတ်သည့် အလေ့အထရှိပါသည်။ ပုံမှန်အားဖြင့် ဖြစ်လေ့ရှိသဖြင့် အထူးအဆန်းမဟုတ်ခဲ့သော်လည်း ယခုတစ်ကြိမ်မိုးကြီးရေလျှံ ဖြစ်စဉ်မှာမူ ယခင်နှင့်မတူ တစ်မူထူး၍ ဖြစ်ခဲ့ရပါသည်။ ဖြစ်စဉ်ကိုကြည့်လျှင် တောင်စဉ် တောင်တန်းအထပ်ထပ် တည်ရှိရာ အနောက်ဘက်တောင်ကုန်းဒေသနှင့် ရှမ်းကုန်းပြင်မြင့်ကြားတွင် တောင်ကုန်းနည်းပါးသော မြစ်ဝှမ်းမြေနိမ့်ဒေသ တစ်ခုရှိသည်။ ဤမြေနိမ့်ချိုင့်ဝှမ်းဒေသကို ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်ကြီးများ ဖြတ်သန်းစီးဆင်းကြသည်ကို သတိပြုရမည်ဖြစ်သည်။

ရေကြီးရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည့်ဒေသများမှာ အနောက်ဘက် တောင်ကုန်းဒေသနှင့် ကင်းမည်မဟုတ်ချေ။ ဤဒေသသည် ဧရာဝတီ မြစ်ဝှမ်းဒေသများ၏ အနောက်ဘက်နံရံကြီးဖြစ်သည်။ မြေပြင်နည်းပါးပြီး မတ်စောက်သော တောင်ရိုး၊ ကုန်းတန်း၊ ချိုင့်ဝှမ်းလျှိုမြောင်များ အများအပြား ရှိသဖြင့် လူသူအရောက်အပေါက် နည်းသည်။ ယခုခေတ်ကဲ့သို့ လမ်းပန်း ဆက်သွယ်ရေးမကောင်းမီကာလက ထိုဒေသမှာ နှစ်ပေါင်းများစွာ တသီး တခြားကြီး တည်ရှိခဲ့သည်။ လူမသိအခြေအနေမှ သဘာဝဘေးကြောင့် လူသိများလာသည်။

တောင်တန်းတစ်ခုနှင့်တစ်ခု မတ်စောက်သောချိုင့်ဝှမ်းများတွင် ချောင်းငယ်၊ မြစ်ငယ်၊ ရေအိုင်ငယ်များရှိနေသည်ကို သိရှိရမည်။ အနောက်ဘက် တောင်ကုန်းဒေသနှင့်ဆက်စပ်သည့် ဒေသများမှာ မဏိပူရ၊ မြစ်သာ၊ လေးမြို့၊ တောင်ကုတ် စသည့်မြစ်များသာမက အညာဒေသဟုလူသိများသော ယော၊ မုန်း၊ မန်း၊ စလင်းစသည့် ချောင်းများလည်းပါဝင်ပြီး ထိုချောင်းများသည် အနောက်ဘက်တောင်ကုန်းဒေသမှ စတင်အခြေပြုနေသည်ကို သိရှိထားသင့်သည်။

ယခုရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် အဆိုးရွားဆုံး ခံစားလိုက်ရသောဒေသများသည် အနောက်ဘက် တောင်ကုန်းဒေသ၏ ပထဝီဝင်အနေအထားမှ အခြေပြုသည်ဆိုပါက မှားမည်မထင်။ နုန်းပို့ချခြင်းသည် ရေစီးအားကောင်းသော တောင်ကျရေတိုက်စားခြင်း အပေါ်တွင် ဖြစ်နိုင်ခြေများသည်။ ထို့ကြောင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများတွင် အနောက်ဘက်တောင်ကုန်းဒေသကြီး၏ ဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းပေးသင့်သည်။ ပြန်လည်တည့်မတ်ပေးသင့်သည်။ သို့မှသာ အနောက်ဘက်တောင်ကုန်းဒေသကို အခြေခံသည့်ဒေသများ ရေဘေးအန္တရာယ်မှ ကင်းဝေးကာ အေးချမ်းစွာနေထိုင်နိုင်မည်ဖြစ်ပါသည်။ ။

## အရည်အသွေးပြည့်ဝသော သူနာပြု၊ သားဖွားကောင်းများမွေးထုတ်နိုင်ရန် ဖွင့်လှစ်သည့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၂**

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် UNFPA တို့ပူးပေါင်းဖွင့်လှစ်သည့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁ ရက်က သူနာပြုတက္ကသိုလ်တွင် ကျင်းပသည်။

သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအသီးသီးမှ သင်ကြားရေးဆရာများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဘာသာရပ်ကို အချိန်နှင့်တစ်ပြေးညီ အသိပညာ၊ အတတ်ပညာများ ရရှိစေခြင်းဖြင့် အရည်အသွေးပြည့်ဝသော သူနာပြု၊ သားဖွားကောင်းများ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်ကြောင်း သိရသည်။

နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက် နံပါတ်(၄)နှင့်(၅)အရ မိခင်နှင့်ကလေး သေနှုန်းများကို သတ်မှတ်စံနှုန်းရောက်အောင် လျှော့ချနိုင်ရေးအတွက် မိခင်လောင်း အမျိုးသမီးများ၏ ကျန်းမာရေး၊ မွေးကင်းစကလေးငယ်များ၏ကျန်းမာရေး၊ အသက် ငါးနှစ်အောက် ကလေးငယ်များ၏ ကျန်းမာရေးတို့အား တာဝန်ယူစောင့်ရှောက်မှုပေးနိုင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့အတွက် တာဝန်ထမ်းဆောင်ရန် ခံယူချက်ကောင်းကို သင်တန်းသူဘဝထဲက လေ့ကျင့်သင်ကြားပေးရန်မှာ သင်ကြားရေးဆရာများ၏ တာဝန်ဖြစ်ကြောင်းနှင့် ပညာရည်ပြည့်ဝသည့် သူနာပြု၊ သားဖွားများ မွေးထုတ်ပေးနိုင်ခြင်းသည် မိခင်သေနှုန်းကျဆင်းရေးကို လျှော့ချနိုင်သကဲ့သို့ ကလေးသေနှုန်းကိုလည်း လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက ပြောသည်။

အဆိုပါသင်တန်းကို ၂၀၁၂ ခုနှစ်မှ စတင်၍ ပညာရှင်များ၊ သားဖွားမီးယပ်နှင့် ကလေးအထူးကုဆရာဝန်ကြီးများက အလုပ်ရုံဆွေးနွေးပွဲများဖြင့် စာတွေ့သင်ကြားပေးခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သင်တန်းသား ၂၅၂ ဦး တက်ရောက်ခဲ့သည်။ ထိုစာတွေ့သင်တန်းမှ လက်တွေ့သင်ကြားရေး လေးလသင်တန်းကို တစ်ဖွဲ့လျှင် ၁၂ ဦးစီဖြင့် ပို့ချပေးခဲ့ရာ သင်တန်းအောင်မြင်ပြီးသူ ၁၂၈ ဦးရှိပြီး ယနေ့အခမ်းအနားသည် ဆဋ္ဌမအကြိမ် သင်တန်းအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားနှင့် သတ္တမအကြိမ် သင်တန်းဖွင့်လှစ်သည့် အခမ်းအနား ဖြစ်သည်။

"ကျွန်မတို့လို သင်ကြားရေးဆရာမတွေအနေနဲ့ ကလေးတွေကို အမှန်ကို ပြောပြပေးနိုင်မှသာ အနာဂတ်မှာ သူနာပြု၊ သားဖွားတွေအနေနဲ့ အမှန်ကို လုပ်ဆောင်နိုင်မှာဖြစ်တယ်။ ဒီသင်တန်းကို တက်ရောက်လိုက်ရတာက အရင်ကမသိခဲ့တာတွေ၊ ဝေဝါးနေခဲ့တဲ့ အကြောင်းအရာတွေကို ကိုယ်တိုင်သိခဲ့ရတဲ့အတွက် ကျွန်မအတွက်သာမက သင်တန်းသားတွေအတွက်ပါ အကျိုးရှိပါတယ်။ ဒါ့ကြောင့် မိခင်နဲ့ကလေး သေဆုံးမှုနှုန်း အနည်းဆုံးဖြစ်အောင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပိုမိုထိရောက်တဲ့ နည်းလမ်းတွေနဲ့ ကြည့်ရှုစောင့်ရှောက်မှုပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု တောင်ကြီးမြို့ သူနာပြုတက္ကသိုလ်နည်းပြ ဒေါ်မေသင်းဟန်က ပြောသည်။ **(ခင်ဇာလီ)**

အထွေထွေရွေးကောက်ပွဲကို
၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်
မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၁၀၀၀ - ၇၇၂၀၀၀ | |
| မန္တလေး | ရွှေဈေး | ၇၇၁၀၀၀ - ၇၇၂၀၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၇. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၃၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၆၆၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၀. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၅. ၅၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၃. ၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




ဥတုရာသီ တောကိုမှီ

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
အငယ်တန်းသတင်းထောက်များ - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - စုနှင်းလဲ့၊ သီရိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ပြန်/ဆက်)

# ခန္တီး၊ ဟုမ္မလင်းနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခန့်နှင့် ဟုမ္မလင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် တစ်ပေခွဲခန့်နှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် သုံးပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း သုံးလက်မခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်တို့အတွင်းနှင့် ဧဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။

**(ကြေးမုံ)**

☆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ချိုင်းနားဝါးလ်(ဒ်) ဟိုတယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီ ဥက္ကဋ္ဌ Mr. CHANG ZHENG MIN နှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. GEN ZHI YUAN တို့အား ချိုင်းနားဝါလ်(ဒ်)ဟိုတယ်ဧည့်တွေ့ဆောင်အခန်း(၂)၌ သီးခြားစီလက်ခံတွေ့ဆုံရာ အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် အလွတ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီဥက္ကဋ္ဌ Mr. CHANG ZHENG MIN နှင့် တွေ့ဆုံစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. GEN ZHI YUAN နှင့် တွေ့ဆုံစဉ်။ (ပြန်/ဆက်)

**○ ၂၀၁၅-၂၀၁၆ မှ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၃ ဒသမ ၁၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၉ ဒသမ ၅၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၉၂ ဒသမ ၇၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၀၀ ဒသမ ၈၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၇ ဒသမ ၆၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၃၈ ဒသမ ၅၁ သန်းဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၄၅ ဒသမ ၈၀ သန်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

**ပုသိမ်  စက်တင်ဘာ  ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ဩဂုတ်လတွင် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တရားရေးဦးစီးမှူးများ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက ထပ်ဆင့်ရှင်းလင်းပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်အေးအေးခိုင်က အစည်းအဝေးမှ လုပ်ငန်းလမ်းညွှန်မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းကြကြောင်းသိရသည်။

**(ကြေးမုံ)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

# ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၅ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများအစီအစဉ် ကြေညာ

**နေပြည်တော်  စက်တင်ဘာ  ၂**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၅ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်ထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## အစိုးရဆန့်ကျင်ရေး မှတ်ချက်စကားပြောမှု ဝန်ကြီးချုပ်ဟောင်း မဟာသီကို ရဲတပ်ဖွဲ့ကမေးမြန်းလို



**ကွာလာလမ်ပူ စက်တင်ဘာ ၂**


မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်သည် လူထုဆန္ဒပြပွဲတစ်ရပ်အတွင်း အစိုးရဆန့်ကျင်ရေး မှတ်ချက်စကားပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ၎င်းအား မေးမြန်းလိုကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာမာဝါတီ အာမက်က စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ ဩဂုတ် ၃၀ ရက်က ဒီမိုကရေစီ လိုလားသော ဘာရှစ်အုပ်စုက စီစဉ်ကျင်းပသော နိုင်ငံရေး လူထုစည်းဝေးပွဲတွင် ဝန်ကြီးချုပ် ဟောင်းမဟာသီက အစိုးရအဖွဲ့အား ဝေဖန်ပြောကြားခဲ့သည် ဆို၏။

မဟာသီသည် ပြည်သူများ၏ လေးစားမှုရရှိနေဆဲဖြစ်ပြီး ဩဇာညောင်းသူအဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ဘဏ္ဍာရေး အရှုပ်တော်ပုံ တစ်ရပ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား ဖြုတ်ချနိုင်ရေးအတွက် ပြည်သူတို့အင်အားပြ လှုပ်ရှားမှုပြုလုပ်ရန် ၎င်းက နိုင်ငံရေး လူထုစည်းဝေးပွဲတွင် ဆော်ဩတိုက်တွန်းခဲ့သည်။

မဟာသီသည် ၂၀၀၃ ခုနှစ်အထိ နိုင်ငံတော်ကို ၂၂ နှစ်ကြာမျှ အုပ်ချုပ်ခဲ့သူဖြစ်သည်။ မဟာသီသည် လောလောဆယ်တွင် ပုဂ္ဂလိက ခရီးစဉ်အဖြစ် ဂျော်ဒန်နိုင်ငံသို့ သွားရောက်နေပြီး စက်တင်ဘာ ၉ ရက်အထိ မလေးရှားနိုင်ငံသို့ ပြန်ရောက်ဦးမည်မဟုတ်ကြောင်း ၎င်း၏ လက်ထောက်တစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

## တိုက်တန်းနစ်သင်္ဘောပေါ်က စားသောက်ဖွယ်စာရင်းစာရွက် လေလံတင်ရောင်းချမည်




**နယူးယောက် စက်တင်ဘာ ၂**

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က အတ္တလန္တိတ်သမုဒ္ဒရာတွင် နစ်မြုပ်သွားခဲ့သည့် တိုက်တန်းနစ်သင်္ဘောပေါ်မှ နောက်ဆုံးကျန်ရစ်သော နေ့လယ်စာ စားသောက်ဖွယ်စာရင်းစာရွက်ကို အွန်လိုင်းတွင် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။ ယင်းစာရွက်ကို ဒေါ်လာ ၇၀၀၀၀ ဖြင့် ဈေးခေါ်ရောင်းချသွားမည်ဟု မျှော်လင့်ရသည်။

အဆိုပါလေလံတင်ရောင်းချပွဲကို အမေရိကန်ကုမ္ပဏီတစ်ခုက စက်တင်ဘာ ၃၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယခုလသည် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်မှ တိုက်တန်းနစ်သင်္ဘော၏ အပျက်အစီးအပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့သည့် နှစ် ၃၀ ပြည့်မြောက်သည့်လဖြစ်သည်။ တိုက်တန်းနစ်သင်္ဘောသည် ၁၉၁၂ ခုနှစ် ဧပြီလတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

စားသောက်ဖွယ်စာရင်းမှာ ဧပြီ ၁၄ ရက် နေ့စွဲဖြင့် ဖော်ပြထားပြီး သင်္ဘောပေါ်ပါ ခရီးသည်များအတွက် နောက်ဆုံးနေ့လယ်စာ စာရင်းစာရွက်ဖြစ်သည်။ စာရွက်တွင် ဖော်ပြထားသည့် စားသောက်ဖွယ်ရာများမှာ အမဲကင်၊ ဆော်လမွန်ငါးနှင့် ဆော့၊ ကြက်ဥနို့ပေါင်းတို့ဖြစ်သည်။

သင်္ဘောနစ်မြုပ်ပြီးနောက် ခြောက်လခန့်အကြာတွင် အသက်ရှင်ကျန်ရစ်သူတစ်ဦးက အခြားသူများထံရေးသားထားသည့် စာတစ်စောင်နှင့် သင်္ဘောပေါ်ပါ ဖိမ်ခံရေချိုးကန် ဝင်ခွင့်လက်မှတ်တစ်စောင်တို့ကိုလည်း လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

စားသောက်ဖွယ်စာရင်းစာရွက်နှင့် လက်မှတ်မှာ သင်္ဘောနစ်မြုပ်စဉ် အသက်ကယ်လှေတစ်စင်းပေါ်တွင် အသက်ရှင်ကျန်ရစ်သူတစ်ဦး၏ အိတ်ကပ်အတွင်းမှကျန်ရှိနေသော ပစ္စည်းများဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## တောင်နှင့်မြောက်ကိုရီးယားတို့ ဆွေးနွေးမှုပြုလုပ်စဉ်အတွင်း မြောက်ကိုရီးယားဒရုန်းလေယာဉ် နယ်စပ်တွင်ပျံသန်းခဲ့

**ဆိုးလ် စက်တင်ဘာ ၂**

မြောက်ကိုရီးယားနိုင်ငံမှ မောင်းသူမဲ့ ဒရုန်းလေယာဉ်တစ်စင်းသည် တောင်နှင့်မြောက်ကိုရီးယားနိုင်ငံတို့မှ အဆင့်မြင့်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေစဉ်အတွင်း နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများကို ကိုးကား၍ တောင်ကိုရီးယား ယွန်ဟပ် သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအကြား စစ်ရေးအရ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း နှစ်နိုင်ငံ နယ်စပ်စစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံကျေးရွာ၌ ကိုရီးယားနှစ်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူများ မနားမနေ ဆွေးနွေးမှုများ ပြုလုပ်နေသည့် ဩဂုတ် ၂၂ ရက်မှ စတင်ကာ သုံးရက်တာမျှ မြောက်ကိုရီးယား၏ မောင်းသူမဲ့ဒရုန်းလေယာဉ် ပျံသန်းခဲ့ကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ နယ်နိမိတ်မျဉ်းကြောင်းကို ဖြတ်ကျော်ကာအကြိမ်ပေါင်းများစွာ ပျံသန်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဩဂုတ် ၂၀ ရက်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့ အမြောက်များဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နှစ်ဖက်တပ်ဖွဲ့များကို တပ်လှန့်ထားခဲ့ကြသည်။

မြောက်ကိုရီးယားမောင်းသူမဲ့ဒရုန်းလေယာဉ်သည် နယ်ခြားမျဉ်းကို ဖြတ်ကျော်ပျံသန်းပြီး တောင်ကိုရီးယားတပ်ဖွဲ့ ကင်းစခန်းများအပေါ်အထိ ရောက်ရှိခဲ့သည်ဟုဆို၏။

တောင်ကိုရီးယားက မြောက်ကိုရီးယားဒရုန်းလေယာဉ်ကို ရေဒါဖြင့် ထောက်လှမ်းတွေ့ရှိပြီးနောက် စစ်ရဟတ်ယာဉ်နှင့် ဂျက်တိုက်လေယာဉ်များ ပျံသန်းစေလွှတ်ဟန့်တားသော်လည်း ဟန့်တားနိုင်ခြင်းမရှိကြောင်း စစ်ဘက်ကပြောကြားသည်။

**ဆင်ဟွာ။**

■

## မြေငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် နိုင်ငံတကာလှူဒါန်းငွေများကို နီပေါမသုံးစွဲနိုင်သေး

**ခတ္တာမန္ဒူ စက်တင်ဘာ ၂**

မြေငလျင်ဘေးဒဏ်တွေ့ကြုံခံစားခဲ့ရသော နီပေါနိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ ထောက်ပံ့ကူညီမည်ဟု နိုင်ငံခြား တိုင်းပြည်များနှင့် နိုင်ငံတကာ အေဂျင်စီများက ကတိပြုခဲ့သည်မှာ နှစ်လမျှကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ ဖော်ပြပါငွေကြေးကို အသုံးပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း တစ်စုံတစ်ရာကို လုပ်ကိုင်နိုင်ခြင်းမရှိသေးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၌ ဧပြီလနှင့် မေလတို့တွင် မြေငလျင်နှစ်ကြိမ်လှုပ်ခဲ့သည်။ ဟိမဝန္တာတောင်တန်းဒေသရှိ နီပေါနိုင်ငံ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သော ပြည်သူသုံးသန်းနီးပါးမှာ ငလျင်ဒုက္ခသည်များအဖြစ် ရှိနေပြီး ၎င်းတို့အတွက် နေအိမ်၊ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးရန် လိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

နီပေါနိုင်ငံ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ အတည်ပြုရန် နှောင့်နှေးကြန့်ကြာမှုရှိခြင်း၊ မုတ်သုံရာသီအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် နိုင်ငံတကာက လှူဒါန်းထောက်ပံ့ပေးမည့် ရန်ပုံငွေကို အောက်တိုဘာလရောက်ချိန်အထိ စတင်သုံးစွဲနိုင်မည်မဟုတ်ကြောင်း အသစ်ထူထောင်ဖွဲ့စည်းလိုက်သော အမျိုးသားပြန်လည်တည်ဆောက်ရေး အာဏာပိုင်အဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဂိုဗင်းရာဂျေပိုကာရဲလ် ပြောကြားသည်။

မြေငလျင်ဘေးဒဏ် ကျရောက်ခဲ့သော ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အစိုးရက အရေးယူဆောင်ရွက်ပေးမှု နှေးကွေးနေဆဲဖြစ်သည်ဟု မိမိဝန်ခံလိုကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

## လက်နက်များပါ သင်္ဘောတစ်စင်းအား ဂရိကမ်းခြေစောင့်တပ်ဖွဲ့ ဖမ်းဆီး

**အေသင် စက်တင်ဘာ ၂**

ဂရိအာဏာပိုင်များက တူရကီနိုင်ငံမှ လစ်ဗျားနိုင်ငံသို့သွားရောက်နေသော အခွန်ရှောင် လက်နက်များတင်ဆောင်ထားသော ကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးလိုက်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ဂရိကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်စက်လှေတစ်စင်းက စက်တင်ဘာ ၁ ရက်တွင် ခရီတီကျွန်း၏အရှေ့မြောက်ဘက် ရေမိုင် ၂၀ အကွာတွင် အဆိုပါကုန်တင်သင်္ဘောကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ တူရကီနိုင်ငံ အစ္စကန်ဒါရန်ဆိပ်ကမ်းမှ မောင်းနှင်လာခဲ့သည့် သင်္ဘောသားခုနစ်ဦးပါ ယင်းကုန်တင်သင်္ဘောကို ခရီတီကျွန်းပေါ်ရှိ ဟာရတ်လီယွန်ဆိပ်ကမ်းသို့ စောင့်ကြပ်ပို့ဆောင်ခဲ့သည်။ ကုလသမဂ္ဂက လစ်ဗျားနိုင်ငံအပေါ် လက်နက်ကုန်သွယ်မှု မပြုလုပ်ရအမိန့် ချမှတ်ထားသည်။

"သင်္ဘောပေါ်ပါ သင်္ဘောသားတွေကို စုံစမ်းမေးမြန်းနေပြီး ကုန်သေတ္တာများမှာပါရှိတဲ့အရာတွေကို စစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု ကမ်းခြေစောင့်တပ်ဖွဲ့မှ အမည်မဖော်လိုသည့် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကုန်တင်သင်္ဘောပေါ်တွင် မည်သည့်လက်နက်အမျိုးအစားများရှိသည် သို့မဟုတ် မည်သူကပိုင်ဆိုင်သည် အစရှိသော အသေးစိတ်အချက်အလက်များကို ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခြင်းမရှိပေ။ လစ်ဗျားနိုင်ငံတွင် ပြိုင်ဘက်အစိုးရနှစ်ရပ်အကြား နိုင်ငံအားထိန်းချုပ်ရန် ကြိုးစားလျက်ရှိသောကြောင့် လုံခြုံရေးလစ်ဟာမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယင်းလစ်ဟာမှုကို ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုကူးသူများနှင့် အစ္စလာမ္မစ်စစ်သွေးကြွများက အမြတ်ထုတ်လျက်ရှိသည်။ **ရိုက်တာ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျူးဘားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်　　စက်တင်ဘာ　၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီး H.E.Mr. Victor Daniel Ramirez Pena အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထုအခန်းကဏ္ဍသည် အရေးကြီး

**နေပြည်တော်　　စက်တင်ဘာ　၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ အကူအညီပေးရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်များ အရည်အသွေးမြှင့်မားရေးနှင့် အားကောင်းစေရေးအတွက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ လွှတ်တော်များ အရည်အသွေးရှိပြီး အားကောင်းရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေး(Capacity) မြှင့်မားအောင် ဆောင်ရွက်ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာလွှတ်တော်များသို့ သွားရောက်လေ့လာခဲ့ပြီး နိုင်ငံတကာမှ လွှတ်တော်များကလည်း မိမိတို့လွှတ်တော်များအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များကို မိမိတို့လွှတ်တော်အပေါ်၌ စေတနာထားအကူအညီပေးခဲ့ခြင်းအတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

လွှတ်တော်များပေါ်ပေါက်ပြီး အချိန်ကြာလာသည်နှင့်အမျှ လွှတ်တော်လုပ်ငန်းများကို ပြည့်ပြည့်ဝဝ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ကို အရည်အသွေးကောင်းအောင် ဆောင်ရွက်သကဲ့သို့ နိုင်ငံသားများနှင့် အဖွဲ့အစည်းများကိုလည်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိအောင် ဆောင်ရွက်သင့်သည်ဟု ယူဆပါကြောင်း။

လာမည့် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် ဒီမိုကရေစီနေ့အခမ်းအနားကို ပြည်ထောင်စုလွှတ်တော်၌ ကျင်းပရန် စီစဉ်နေပါကြောင်း၊ IPU က ယခုနှစ်ဒီမိုကရေစီနေ့အတွက် "Public Participation for Democracy" ဆောင်ပုဒ်ကို ချမှတ်ပေးသည့်အတွက် လွှတ်တော်၌ ကျင်းပရန် စီစဉ်ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထု၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ယခုနှစ် ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြည်သူများထဲမှ လူငယ်များ တက်ရောက်ခြင်းဖြင့် အနာဂတ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၌ လူငယ်များ၏ စွမ်းဆောင်မှုအပေါ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးမှ ဆုံးဖြတ်ချက်များသည် လွှတ်တော်အတွက်သာမက နိုင်ငံအတွက်ပါ အကျိုးရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပအကူအညီပေးရေးအဖွဲ့များဖြစ်ကြသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU), House of Commons UK , Hanns Seidel Foundation, Cuso International Organization, Myanmar Scholarship Alumni Association (MSAA) တို့မှ တာဝန်ရှိသူများက လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာများကိုလည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထိုသို့တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# မဲစာရင်း၌ အမည်ရှာဖွေရာတွင် အက္ခရာစဉ်ဖြင့် ရှာဖွေရန်လိုအပ်

**ရန်ကုန်　　စက်တင်ဘာ　၂**

စက်တင်ဘာ ၁၄ ရက်တွင် စတင်ကြေညာမည့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကို သွားရောက်ကြည့်ရှုကြမည့် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏အမည်ကို အက္ခရာစဉ်ဖြင့် ရှာဖွေပါက အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ပြောသည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သတင်းအချက်အလက်ဌာန၌ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ပြုလုပ်သည့် UEC ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခြင်းဖြစ်သည်။

"မဲစာရင်းကြေညာရာမှာ အက္ခရာစဉ်အတိုင်း စဉ်ထားပါတယ်။ ရေရှည်အတွက်ပါ" ဟု ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ဆိုသည်။

မဲဆန္ဒရှင်စာရင်း ကြေညာရာတွင် မြို့ပေါ်ရပ်ကွက်များတွင် နေထိုင်ကြသူများအတွက် လမ်းအမည်ကို မြန်မာအက္ခရာအစဉ်လိုက် ဖော်ပြပြီး အိမ်နံပါတ်ကို ကိန်းဂဏန်း ကြီးစဉ်ငယ်လိုက် ဖော်ပြထားမည်ဖြစ်သည်။ တိုက်ခန်းဖြင့် နေထိုင်သူများအနေဖြင့် တိုက်နံပါတ်ကို ရှာဖွေပြီးနောက် ၎င်းတို့၏ အခန်းနံပါတ်ကို ရှာဖွေရမည်ဖြစ်သည်။ မဲစာရင်းတွင် မဲစာရင်းလာရောက်ကြည့်ရှုသည့် မဲဆန္ဒရှင်နှင့် ၎င်း၏ မိသားစုဝင်များ၏ အမည်များကို တစုတဝေးတည်း တွေ့မြင်နိုင်မည်ဟု UEC က ထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က "မဲစာရင်းမှာ အိမ်နံပါတ်တို့၊ လမ်းနာမည်တို့မပါဘူးဆိုတဲ့ လူတွေရဲ့နာမည်က အပေါ်ဘက်မှာပါမယ်။ ကျား၊ မ ခွဲခြားနိုင်ရန် "ဦး၊ ဒေါ်" တွေ ထည့်ထားတယ်။ အက္ခရာစဉ်မှာ "ဒ" က အရင်လာလို့ မဲစာရင်းမှာ အမျိုးသမီးတွေရဲ့ အမည်အရင်လာမယ်။ အိမ်ထောင်စုတစ်ခုမှာဆိုရင် အမေနဲ့ သမီးတွေက အရင်လာမယ်။ "မ ဒါမှမဟုတ် ကို" ဆိုပြီးတော့ "ဦး၊ ဒေါ်" တွေအစား တစ်ခုတလေ ပါကောင်းပါနေနိုင်တယ်" ဟု ပြောသည်။

ကျေးရွာများအတွက်မူ ရွာအလိုက် အက္ခရာစဉ်ဖြင့် ရှာဖွေရမည်ဖြစ်သည်။ ရွာများတွင် လမ်းအမည်ပါရှိပါက လမ်းအလိုက်၊ အိမ်နံပါတ်အလိုက် ရှာဖွေနိုင်မည်ဖြစ်သည်။ ကျေးရွာအများစုသည် လမ်းအမည်နှင့် အိမ်နံပါတ် မရှိကြသည့်အတွက် မဲစာရင်းတွင် အမည်ရှာဖွေရန် အခက်အခဲတစ်စုံတစ်ရာရှိပါက ကျေးရွာကော်မရှင် အဖွဲ့ဝင်များက အကူအညီပေးကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက "ကော်မရှင်ရဲ့ မဲစာရင်းဆိုင်ရာလုပ်ငန်းမှာ ပြည်သူက ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်ခြင်းတွေလုပ်မှ မဲစာရင်းအမှန်ကို ရမယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အခြေခံမဲဆန္ဒရှင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးနိုင်သူဦးရေ (၃၂) သန်းရှိသည်။ ယခုကြေညာမည့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းတွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုစဉ်က မပါဝင်ခဲ့သေးသည့် တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ရဲများနှင့် ၎င်းတို့၏ အိမ်ထောင်စုဝင်များပါ ပါဝင်မည်ဖြစ်သည်။

အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ ရှိသည့် အမြဲတမ်းနေရပ်မှ အခြားမြို့နယ်တစ်ခုတွင် ရက်ပေါင်း (၁၈၀) အထက် နေထိုင်ကြသူများအား မဲပေးပိုင်ခွင့်ရရှိစေရန်အတွက် ပုံစံ (၃-က) ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်အထိ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဩဂုတ် ၁၉ ရက်တွင် နှိုးဆော်အသိပေးထားသည်။

ယခု စက်တင်ဘာ ၁၄ ရက်တွင် ကြေညာမည့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းတွင် ပုံစံ (၃-က) ဖြင့် လျှောက်ထားသူများ၏ အမည်ပါရှိမည် မဟုတ်ကြောင်း သိရသည်။ ပုံစံ (၃-က) နောက်ဆုံးထား လျှောက်ထားနိုင်သည့် အောက်တိုဘာ ၁၀ ရက်မှ လျှောက်ထားသူများအား စာရင်းပိတ်ကာ မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနေ့ ကျင်းပမည့်ရက် အတိအကျ မကြေညာရသေးမီအချိန်က အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာရာတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်သူများအဖြစ် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ထည့်သွင်းတွက်ချက်ခဲ့သည်။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့သည် နိုဝင်ဘာ ၈ ရက်ဖြစ်သည်။ ထို့ကြောင့် ယခု တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်း ကြေညာရာတွင် အခြေခံမဲစာရင်းတွင် ပါဝင်ခဲ့သည့် နိုဝင်ဘာ ၉ ရက်မှ ၃၀ ရက်အတွင်း မွေးဖွားသူများသည် မဲစာရင်းတွင် အမည်ပါဝင်တော့မည်မဟုတ်ကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်ထံမှ သိရသည်။




**သတင်း-မြတ်သဏ္ဌာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**

ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

# မဲပေးပိုင်ခွင့်ရှိသူတိုင်းအတွက် ပယ်မဲမဖြစ်စေရေး

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၆) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင် အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁တို့တွင် ဖော်ပြခဲ့သော "ပယ်မဲ မဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-




နမူနာ-၁




နမူနာ-၂

မဲစာရင်းတွင်ပါဝင်ပြီး မဲပေးခွင့်ရရှိသော်လည်း မိမိဆန္ဒပြုလိုက်သည့် မဲလက်မှတ်သည် ခိုင်လုံမဲဖြစ်ရန် အလွန်အရေးကြီးပါသည်။ မိမိဆန္ဒပြုလိုက်သော မဲလက်မှတ်သည် အကယ်၍ ပယ်မဲဖြစ်သွားမည်ဆိုပါက တန်ဖိုးမဲ့သည့် မဲဖြစ်သွားပြီး မိမိ၏ကြိုးပမ်းအားထုတ်မှုများသည် အချည်းနှီး ဖြစ်သွားသည်သာမက နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှု တစ်ခုဖြစ်ပါမည်။ မဲဆန္ဒရှင်အများအပြား လာရောက်မဲပေးကြသော်လည်း ပယ်မဲများ များပြားသွားမည်ဆိုပါက မဲဆန္ဒရှင်အနည်းစု၏

**ပယ်မဲများ များပြားသွားမည်ဆိုပါက မဲဆန္ဒရှင်အနည်းစု၏ ဆန္ဒကိုသာ ဖော်ပြသကဲ့သို့ ဖြစ်သွားမည်ဖြစ်**

ဆန္ဒကိုသာဖော်ပြသကဲ့သို့ ဖြစ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအတွက် နိုင်ငံတော်မှ ရင်းနှီးခဲ့ရသောအချိန်၊ ငွေနှင့် လူအရင်းအမြစ်များ အလဟဿဖြစ်သွားပါမည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်း မိမိတို့ ဆန္ဒပြုလိုက်သောမဲသည် ခိုင်လုံမဲ ကျိန်းသေပေါက်ဖြစ်ရန် အလွန်အရေးကြီးပါသည်။

ယခုလာမည့် ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ ယခင်က ကျင်းပပြီးစီးခဲ့သော ၁၉၉၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော ဘောပင်ဖြင့် အမှန်ခြစ်ခြစ်၍ ဆန္ဒပြုသည့်နည်းအစား တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသောနည်းကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ ယခင်က ကျင့်သုံးခဲ့သော ဘောပင်ဖြင့် ဆန္ဒပြုရာတွင် စာရေးသားလေ့မရှိသော တောသူတောင်သားများနှင့် အခြေခံလူတန်းစားများအတွက် အခက်အခဲဖြစ်ခြင်း၊ ဘောပင်နှင့် မဲလက်မှတ်စာရွက်၏ အရည်အသွေးကြောင့် တစ်ခါတစ်ရံ အမှန်ခြစ် ခြစ်ရာတွင် ထင်ရှားမှုမရှိသဖြင့် ပယ်မဲများ များပြားရသည်ကို တွေ့ကြုံခဲ့ရပါသည်။ ထို့ကြောင့် တောင်ကိုရီးယား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ရိုမေးနီးယား၊ တူရကီ . . . စသည့် နိုင်ငံများတွင် ကျင့်သုံးသည့် တံဆိပ်တုံးနှင့် ဆန္ဒပြုခြင်းကို ပြောင်းလဲကျင့်သုံးရန် စီစဉ်ခြင်းဖြစ်ပါသည်။

မဲဆန္ဒရှင်များသည် မဲလက်မှတ် နမူနာ(၁)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်၏ ညာဘက်တွင်ရှိသော လေးထောင့်အကွက်၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဖော်ပြပါ အကွက်အတွင်း၌ တံဆိပ်ကို လွယ်ကူစွာနှိပ်နိုင်ရန်အတွက် တံဆိပ်တုံး၏ အရွယ်အစားကို အဆိုပါအကွက်၏ အရွယ်အစားထက် အတန်ငယ်သေး၍ထားပါသည်။

မဲဆန္ဒရှင်တိုင်းသည် မဲလက်မှတ်နမူနာ(၁)တွင် ပြထားသည့်အတိုင်း အမှန်ခြစ်တံဆိပ်ကို မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်၏ညာဘက်ရှိ အကွက်တွင် လုံးဝဝင်နေအောင် နှိပ်လိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ကျန်ခိုင်လုံမဲနမူနာများကိုပြသထားခြင်းမှာ ဗဟုသုတအဖြစ် သိရှိနိုင်ရန်ဖြစ်ပါသည်။

အကယ်၍ မိမိနှိပ်လိုက်သော တံဆိပ်သည် နမူနာ(၂)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အကွက်အတွင်းသို့ တစ်ခုလုံး မကျရောက်ဘဲ အကွက်၏ အပေါ်သို့ ကျရောက်သွားလျှင်လည်း ပယ်မဲမဖြစ်သွားပါ။

ဆက်လက်ဖော်ပြပါမည်။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (ရန်ကုန်ရုံးခွဲ)၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးဝင်းကြည်နှင့် ဦးဝင်းကို၊ သတင်းမီဒီယာအဖွဲ့ ၆၁ ဖွဲ့မှ တာဝန်ရှိသူ ၉၂ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဩဂုတ်၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သော လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့သည့်အချက်များအပေါ် ရှင်းလင်းပြောကြားလို၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများတွင် မဲစာရင်းကြေညာခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကျင့်ဝတ်အရ Monitoring ကော်မတီဖွဲ့စည်းရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးမည့်ကိစ္စ၊ မဲဆွယ်စည်းရုံးခြင်း ဆိုင်ရာညွှန်ကြားချက်နှင့် လိုက်နာရန်အချက်များ၊ မဲဆွယ်စည်းရုံးခြင်းရန်ပုံငွေနှင့်ပတ်သက်သည့်ကိစ္စ၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ သင်တန်းပေးမည့်ကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် လုံခြုံရေးကော်မတီဖွဲ့စည်းမှု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ထိုကဲ့သို့ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းအပေါ် ရှင်းလင်းပြောကြားနိုင်ရန်နှင့် သိရှိလိုသည်များ မေးမြန်းနိုင်ရန် တွေ့ဆုံပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များမှ မဲစာရင်းအမှားများနှင့်ပတ်သက်၍ပြင်ဆင်ဆောင်ရွက်မှု၊ ကိုယ်စားလှယ်လောင်းတင်သွင်းလွှာ ကန့်ကွက်ခံရသည့်အရေးအတွက်၊ ပြည်တွင်း၊ ပြည်ပမီဒီယာများ သတင်းရယူခွင့်၊ မဲဆွယ်စည်းရုံးရာတွင် အစိုးရပိုင်ပစ္စည်းများအသုံးပြုခွင့် ရှိ/မရှိ၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးမည့်အစီအစဉ်၊ ရေဘေးဒဏ်သင့်ဒေသများတွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းမည့်အခြေ အနေရှိ/မရှိ၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များဖိတ်ခေါ်ထားမှုနှင့် စောင့်ကြည့်လေ့လာနိုင်မည့်အခြေအနေ၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှု မရှိသောဒေသများတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆောင်ရွက်ထားမှု၊ IFES နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု၊ ပါတီဝင်တစ်ဦးမှ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိ/မရှိ၊ တပ်ဧရိယာရှိ မဲရုံများအား ဝင်ရောက်လေ့လာနိုင်မှု၊ နိုင်ငံပြင်ပရောက်ရှိနေသူများ ပုံစံ (၁၅)ဖြင့် လျှောက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဟံသာဝတီလေဆိပ်မှ**

တိုးလာတဲ့အခါကျတော့ ကျွန်တော်တို့ develop လုပ်ဖို့ လိုလာပြီ။ Terminal ကိုလည်း develop လုပ်ဖို့လိုသလို ပါကင်ဧရိယာကိုလည်း develop လုပ်ဖို့လိုလာပြီ။ ဒါပေမယ့် လေဆိပ်ဘေးမှာရှိတဲ့ လူနေအဆောက်အအုံတွေ၊ ကားလမ်းတွေက ကန့်သတ်ချက်လိုဖြစ်လာတယ်။ တိုးချဲ့ချင်သလောက် ချဲ့လို့မရဘူး။ ဒါကြောင့်လည်း ဟံသာဝတီကို အပြည်ပြည်ဆိုင်ရာ ကွင်းအသစ်အဖြစ် ဆောက်မယ်လို့ ရည်ရွယ်ခဲ့ပြီး တင်ဒါခေါ်တဲ့ လုပ်ငန်းတွေ၊ မြေနေရာရွေးချယ်တဲ့ လုပ်ငန်းတွေ၊ တင်ဒါရွေးချယ်တဲ့ လုပ်ငန်းတွေ လုပ်ခဲ့တာပါ။ တင်ဒါအောင်တဲ့ ကုမ္ပဏီနဲ့ စကားပြောနေတဲ့ အဆင့်ရောက်နေပါပြီ။ ပထမတုန်းက ဟံသာဝတီကို ၂၀၁၈ မှာ ပြီးမယ်လို့ရည်မှန်းခဲ့တယ်။အကြောင်းကြောင်းကြောင့် တင်ဒါပြန်တင်ရတယ်။ ညှိနှိုင်းရတယ်။ အထူးသဖြင့် ဟံသာဝတီနဲ့ ပတ်သက်လို့ ဟိုဘက်က ရင်းနှီးမြှုပ်နှံသူက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံလောက် ပမာဏလောက်ကို သူတို့ ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ဘူး။ အဲဒီတော့ ODA Loan ရဖို့ ဆက်ပြီးဆွေးနွေးလာတဲ့ အနေအထားမျိုးလေးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှောင့်နှေးသွားတယ်။၂၀၁၈ ပြီးမယ်လို့ ခန့်မှန်းခဲ့ပြီး ၂၀၁၈ မှာ မပြီးနိုင်ဘူး။ ၂၀၂၀ အစောဆုံးပြီးမယ်။ ၂၀၂၂ အထိ ဖြစ်သွားနိုင်တယ်လို့ အကြမ်းဖျင်းသုံးသပ်ထားပါတယ်။ ဒါကြောင့် ဟံသာဝတီမပြီးခင်မှာ ရန်ကုန်ကို တိုးချဲ့ဖို့လိုအပ်တဲ့အတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဦးမင်းလွင်က ပြောသည်။

လာမည့် ၂၀၁၆ အကုန် ၂၀၁၇ ခုနှစ်တွင် ရန်ကုန်လေဆိပ်၏ ခရီးသည်ဝင်/ထွက်မှု ၆ သန်းကျော်လာမည်ဖြစ်ပြီး ယင်းအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို အဆင့်အလိုက် အဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃)ဟူ၍ ဆောင်ရွက်နေကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို အဆင့်မြှင့်တင်တာနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးထားတာရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်မှာ ရေးထိုးထားတာပါ။ ဒါဟာ အဆင့်(၁) အတွက်ပါ။ ကျန်တာတွေ ဒီသဘောတူညီချက်မှာ မပါပေမယ့် ထပ်ပြီးတော့ လုပ်လာရတဲ့ လမ်းတွေ၊ လုပ်ဖို့လိုအပ်တယ်လို့ ရည်ရွယ်တဲ့အတွက်ကြောင့် လိုအပ်နေတဲ့ဟာတွေ၊ ကားပါကင်တွေ ထပ်တိုးထားတာ ရှိတယ်။ ဒါကိုလည်း ဆက်ပြီးလုပ်နေပါတယ်။ အရင်လုပ်ခဲ့တဲ့ သဘောတူညီချက်အရဆိုရင် တည်ဆောက်ချိန် ၁၈ လဖြစ်ပါတယ်။ အဲဒီတော့ ထပ်ပြီးတိုးထားတဲ့ လုပ်ငန်းတွေပါ ပါမယ်ဆိုရင် ၃ နှစ်နဲ့အပြီးတည်ဆောက်ရမှာဖြစ်ပါတယ်။ စုစုပေါင်း ၃၆ လ ဖြစ်ပါတယ်။ အခု Terminal ဆောက်တဲ့အပိုင်းက အများဆုံးပြီးပါပြီ။ အခုဆောက်နေတဲ့ Terminal အပိုင်းက အမိုးမိုးတဲ့အပိုင်း ပြီးပါပြီ။ အကာပိုင်းနဲ့ အတွင်းပိုင်းဆောင်ရွက်ရမယ့် မီးကိစ္စ၊ အဲကွန်း ဖြည့်ရမယ့်ကိစ္စတွေ ဆက်လုပ်နေပါတယ်။ လေဆိပ်သစ်ကြီး ပြီးစီးသွားမယ်ဆိုရင် အဓိကကတော့ လေကြောင်းပို့ဆောင်ရေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အခြေခံအဆောက်အအုံပိုင်းအပေါ်မှာ မူတည်ပါတယ်။ အခြေခံ အဆောက်အအုံပိုင်းမှာ အားနည်းလေလေ ဖွံ့ဖြိုးတိုးတက်မှုမှာ အားနည်းလေလေပါပဲ။ အခုလုပ်နေတဲ့ Terminal အသစ်ကို ၂၀၁၅ နှစ်ကုန် လောက်မှာ soft opening လုပ်နိုင်ပါမယ်။ အရင်က လမ်းတွေက လေးလမ်းသွားလောက်ပဲ သွားနိုင်တယ်။ ကားတွေ အများကြီး ကျပ်နေတယ်။ အခု လေးလမ်းသွားကို ခြောက်လမ်းသွားအထိ လုပ်တယ်။ ကားပါကင်ကိုလည်း ယခင်က Terminal ရှေ့မှာပဲထားတဲ့ နေရာအစား ဒီဘက်မှာ ကားပါကင်ကြီး တစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် လုပ်ထားတယ်။ Taxi Stand ကအစ အဆင့်မြင့်အောင် ဆောင်ရွက်ထားတယ်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်က မြန်မာနိုင်ငံရဲ့ အဓိက ဝင်/ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံခြားသားတွေကလာရင် ရန်ကုန်လေဆိပ်ကို ရောက်တယ်။ ရန်ကုန်လေဆိပ်ရဲ့ အပြင်အဆင်ခမ်းနားမှုတွေကို မြင်ပြီးတော့ မြန်မာတွေ ဘယ်လိုနေလဲ ဆိုတာကို သုံးသပ်ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံတော်ရဲ့ ဂုဏ်တက်သည် ထက်တက်အောင်၊ အတင့်တယ်ဆုံး၊ အခမ်းနားဆုံးဖြစ်အောင် လုပ်ဆောင်သွားပါမယ်" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးမင်းလွင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆင့်မြှင့်တင်မှုနှင့် ပတ်သက်ပြီးရှင်းလင်းပြောကြားခဲ့သည်။

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနမှ တတိယအကြိမ်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယအကြိမ် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက် ညနေပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ ရှေးဦးစွာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ပြောကြားပြီး သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဦးဆောင်ကာ ရွှေလီကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၀၀၊ ရွှေလီပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၀၀၊ စစ်တွေကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၂၆၃ ဒသမ ၃၆၆ သိန်း၊ ကျဲယန်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀၀၊ ဖျင်ကျိုး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၂၅၁၅ ဒသမ ၅ သိန်း၊ ဟောင်ကောင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၄၉၀ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၅၆၆၉ ဒသမ ၃၆၆ သိန်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဦးစီး၍ SAHA Farm Co.,Ltd နှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများက ငွေကျပ် ၉၆ သိန်း၊ ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိနှစ်ဦးနှင့် မြန်မာအေဂျင်စီများက ငွေကျပ် ၅ ဒသမ ၁ သိန်း စုစုပေါင်းငွေကျပ် ၁၀၁ ဒသမ ၁ သိန်းတို့ကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့ပြင် ကံပွင့်ဦးကျောက်မျက်ရတနာကုမ္ပဏီနှင့် ညီအစ်ကို သူငယ်ချင်းများက ငွေကျပ် သိန်း ၁၅၀၀၊ ချယ်ရီမေတ္တာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၅၀ တို့ကိုပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**(ကြေးမုံ)**



# ကျိုင်းလပ်မြို့ ကျေးရွာများရှိ ရေဘေးသင့် စာသင်ကျောင်းများအတွက် စာသင်ခုံများနှင့် စားသောက်ဖွယ်ရာများ၊ အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ၊ အိမ်သုံးဆေးဝါးမျိုးစုံနှင့် စာသင်ကျောင်းများအတွက် ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ စာသင်ခုံနှင့် ထိုင်ခုံများ လှူဒါန်းခြင်းကို ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲက မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ကိုင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများအတွက် စာရေးခုံနှင့် ထိုင်ခုံတစ်စုံ ငွေကျပ် ၇၅၀၀၀ တန်ဖိုးနှုန်းဖြင့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စာရေးခုံ အစုံ ၂၆၇ စုံ၊ ငွေကျပ် ၃၈၆၆၀၀၀ တန်ဖိုးရှိ အိမ်သုံးဆေးဝါးမျိုးစုံ၊ ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ သောက်ရေသန့်ဘူး ၆၀၀၊ ခေါက်ဆွဲဖာအသေး ၁၈ ဖာနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် နမ့်ကိုင်းကျေးရွာအတွင်းနှင့် တာလေ-ကျိုင်းလပ်လမ်းပိုင်းရှိ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းများအလိုက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(Iprd)**

# ပြန်လည်ထူထောင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သုံးသန်းထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ၎င်း၏အာရှ-ပစိဖိတ် သဘာဝဘေးအတွက် ပံ့ပိုးကူညီရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သုံးသန်း အရေးပေါ်ထောက်ပံ့ပေးသည့်စာချုပ်အား ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr.Winfried Wicklein တို့က ယနေ့နံနက် ၁၀ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးကြသည်။



စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံရုံးခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ငွေများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သုံးစွဲရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုမှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ဒေသများသို့ အသင်းဗဟိုမှ ဆရာကြီးဖိုးသောကြာ(ခေတ်+မိုး)အဖွဲ့နှင့် အသင်းဗဟိုမှ ဆရာကြီး ဦးမြတ်ခိုင်နှင့်အဖွဲ့က နှစ်ဖွဲ့ခွဲ၍ ရေဘေးသင့်ဒေသများဖြစ်သော ပုသိမ်မြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း၊ သာပေါင်းမြို့နယ်ရှိ ရှမ်းချောင်ရွာ၊ ကံလျားကုန်းရွာ၊ မလကာကုန်းရွာများသို့ ဆန်အိတ် ၁၀၀၊ ရေသန့်ဘူး ၂၃၉ ကတ်၊ ဘာလချောင်ကြော် ၂၉၄ ဘူး၊ ငွေကျပ်၂၃၃၀၀၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဌေးကြိုင်)**

# ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်များအတွက် အစာနှင့် ဆေးဝါးများကို ဩဂုတ် ၁၂ ရက်မှ ၃၀ ရက်ထိ ဌာနပိုင် မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့သို့ လည်းကောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုကော်မတီမှ စီစဉ်ပေးသော အမြန်ကုန်ရထားတွဲများဖြင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သို့ လည်းကောင်း၊ မင်္ဂလာဒုံလေတပ်စခန်းမှ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တို့သို့လည်းကောင်း၊ တိရစ္ဆာန်အစာ ငွေကျပ် ၈၁ ဒသမ ၁၀၀ သန်းတန်ဖိုးရှိ ၂၉၄ ဒသမ ၃၀၆ တန်၊ ဆေးဝါးအမျိုးမျိုး တန်ဖိုး ငွေကျပ် ၁၆ ဒသမ ၂၉၇ သန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇ ဒသမ ၃၉၇ သန်းတို့အားပေးပို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများအား မော်တော်ယာဉ်များ၊ ကုန်ရထားတွဲများဖြင့် ပေးပို့လှူဒါန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သင့်သွေးဖြင့်
အသက်ကယ်ပါ

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးပို့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍ အလှူရှင်များ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။


ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စား မြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ ၄၀×ပေ ၃၀(သံကူကွန်ကရစ်)ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ် သန်း ၅၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်း ဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက်စုပေါင်း ဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်းတတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(နေပြည်တော်)ညွှန်ကြားရေးမှူး(ဦးစီး) ဦးထိန်လင်း ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၁-၆၆၀၂၇၅၊ ၀၉-၅၅၅၇၇၇၈၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀ သို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။ **(ကြေးမုံ)**

**သာသနာရေးဝန်ကြီးဌာန**
**ဘုန်းတော်ကြီးကျောင်း ပေ (၄၀ × ၃၀)၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)**



**တန်ဖိုးငွေကျပ် သိန်း (၅၀၀)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaster Management Training Center) နှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Centre EOC)တို့အတွက် World Food Programme (WFP)မှ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ရှေးဦးစွာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ Country Director Mr.Domenico SCAIPEW က ရှင်းလင်းပြောကြားပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၁ သိန်းခန့် တန်ဖိုးရှိသော သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံ၍



ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လထိ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ Irrawaddy Green Towers Limited-IGT for Myanmarမှ သိန်း ၃၀၀ ခန့် တန်ဖိုးရှိသော စားသောက်ကုန်ပစ္စည်းများ Jasmine Palace Hotel ရန်ကုန်၊ ဦးဆန်းနောင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၄၄ ဒသမ ၄ သိန်းတန် အိမ်ငါးလုံးအတွက် ၂၂၂ သိန်း၊ Grand Guardian Insurance Public Co.,Ltd. မှ သိန်း ၅၀၊ ကိုအောင်ဇော်မင်းနှင့် ကိုဝဏ္ဏပရဟိတအဖွဲ့ တောင်ငူမြို့မှ ၄ ဒသမ ၈ သိန်းခန့် တန်ဖိုးရှိသော သက်န်းများနှင့် အဝတ်အထည်များကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော်မှဆေးအဖွဲ့ ရေဘေးသင့်ဒေသများအား ကွင်းဆင်းဆေးကုသ

**နေပြည်တော် စက်တင်ဘာ ၂**

ထိုင်းဘုရင့်တပ်မတော်မှ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်း ၅၁ ဦးသည် ဩဂုတ် ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ထိုင်းဘုရင့်တပ်မတော် လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ ထိုင်းဘုရင့် တပ်မတော်ဆေးအဖွဲ့သည် ဩဂုတ် ၂၈ ရက်တွင် ဇလွန်မြို့နယ် ဒေါင့်ကြီးကျေးရွာနှင့် ဟင်္သာတမြို့နယ် ဓမ္မိတိုက်နယ်တို့၌လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် အင်္ဂပူမြို့နယ်ရှိ ထန်းပင်ကုန်းကျေးရွာနှင့် ကွင်းကောက်ကျေးရွာတို့တွင် လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် အင်္ဂပူမြို့နယ်ရှိ ထူးကြီးမြို့နှင့် မဲဇလီကုန်းကျေးရွာတို့၌ လည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် မြန်အောင်မြို့နယ်ရှိ ကောင်းမြတ်တော ကျေးရွာနှင့် သာခွကျေးရွာတို့၌ လည်းကောင်း၊ စက်တင်ဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်ရှိ အိုင်သပြုကျေးရွာတွင် လည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် ကြံခင်းမြို့နယ် အောင်မြင်ကိုင်းကျေးရွာ၌လည်းကောင်း ဆေးကုသမှုပေးခဲ့ပြီး မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းအဖြစ် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်သည်။ ထိုင်းတပ်မတော်ဆေးအဖွဲ့သည် စက်တင်ဘာ ၃ ရက်အထိ ဧရာဝတီတိုင်းဒေသကြီးတွင် ဆေးကုသမည်ဖြစ်ပြီး စက်တင်ဘာ ၄ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**သဘာဝဘေး အန္တရာယ် စုပေါင်းကာကွယ်**



# ရေဘေးသင့်ပြည်သူများအတွက် တူရကီသံရုံး(ရန်ကုန်)မှ ဆန်နှင့်ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် TIKA (Turkish Coorperation and Coordination Agency) တူရကီသံရုံး (ရန်ကုန်)မှ ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခွဲက ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့ လာရောက်လှူဒါန်းခဲ့မှုနှင့် ပတ်သက်၍ "ကျွန်တော်တို့အနေနဲ့ ရှေ့ပိုင်းမှာလည်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်က ရေဘေးသင့်ပြည်သူတွေအတွက် လှူခဲ့ပြီးပါပြီ။ ဒါ့ကြောင့် ကျန်ရှိနေတဲ့ ဧရာဝတီတိုင်းဒေသကြီးကို လာလှူတာပါ။ လှူတဲ့အခါမှာလည်း အစားအသောက်နဲ့ အဝတ်အထည်တွေကို အဓိကထားပြီးလှူနေပါတယ်။ နောက်ထပ် ပဲခူးတိုင်းဒေသကြီးကိုလည်း သွားလှူမယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်တဲ့အခါမှာလည်း အိမ်တွေပြန်လည်တည်ဆောက်ပေးဖို့ အစိုးရနဲ့ညှိနှိုင်းတိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားမှာပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ တူရကီသံရုံး စီးပွားရေးတာဝန်ခံ Mr .TASDEMIR MIKAIL ကပြောသည်။

ယင်းသို့လာရောက်လှူဒါန်းသည့် ကျပ် ၁၅၄ သိန်းတန်ဖိုးရှိ စားသောက်ကုန်၊ ဆန်နှင့်ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လက်ခံခဲ့သည်။ အဆိုပါထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ရေကြီးနစ်မြုပ်မှုဒဏ် အများဆုံးခံစားခဲ့ရသည့် ပုသိမ်၊ ဟင်္သာတ၊ မအူပင်ခရိုင်တို့အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာဒေသဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ထိုင်း၊ အင်ဒိုနီးရှား၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှလည်း ဩဂုတ်လအတွင်း၌ လာရောက်ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)**

## ကူညီထောက်ပံ့မှုများ

# ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းသို့ ဆွမ်းဆန်တော်၊ သကၤန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ ရေဘေးဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းမှ ဆရာတော် သံဃာတော်များအတွက် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းသည့် ဆွမ်းဆန်တော်၊ သကၤန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မိုးညိုမြို့ မြို့မရပ်ကွက် ဓမ္မိက ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရာသဘာဘိဝံသ အမှူးပြုသော မြို့နယ်သံဃနာယက ဆရာတော်များနှင့် ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၁၉ ကျောင်းမှ ဆရာတော် သံဃာတော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ သကၤန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာဂရာဘိဝံသ လှူဒါန်းသည့် မြွေဆိပ်ဖြေဆေးများနှင့် ရေသန့်စက်ခြောက်လုံးအား မြို့နယ်တာဝန်ရှိသူများသို့ ပေးအပ်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပေးရန် ဆွမ်းဆန်တော်၊ သကၤန်း၊ သပိတ်၊ ပရိက္ခရာများ၊ ဆေးမျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို စေတနာရှင် ရဟန်းရှင်လူအပေါင်းက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ကြရာ သာသနာရေးဝန်ကြီးဌာနက စုစည်း၍ ရေကြီးရေလျှံဒဏ်ခံရသည့် ဒေသများသို့ ဆက်လက်လှူဒါန်းလျက်ရှိပြီး ယခု မိုးညိုမြို့နယ်ရှိ ဆရာတော် သံဃာတော်များအား လာရောက်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ရေဘေးသင့်ပြည်သူများအား ဆရာတော် သံဃာတော်များက ရေလွတ်ရာ ကျောင်းကန်သာသနိက အဆောက်အအုံများ၌ ခိုနားခွင့်ပြု၍ စောင့်ရှောက်ပေးကြသကဲ့သို့ ရပ်နီးရပ်ဝေးမှ သံဃာတော်များကလည်း အလျဉ်းသင့်ရာ ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုများကို စုစည်း၍ ကိုယ်တိုင်ကြွရောက်လှူဒါန်းကြသည်ကို မြင်ရကြားသိရသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်ရပါကြောင်း လျှောက်ထားသည်။

ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇနကထံမှ အနုမောဒနာရေစက်ချတရားနာယူပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

မိုးညိုမြို့နယ်အတွင်းရှိ ရေဘေးဒဏ်နှင့် ကြုံတွေ့ရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် အိတ် ၁၂၀၊ ဆီ ပိဿာ ၆၀၊ သကၤန်း ၃၅၃ စုံ၊ ထီး ၃၄၈ ချောင်း၊ ဖိနပ် ၃၄၈ ရံ၊ သပိတ် ၃၄၈ လုံး၊ ယပ် ၃၄၈ ချောင်း၊ စတီးဇွန်း ၁၁၉ ဒါဇင်၊ စတီးချိုင့်(သုံးဆင့်)၁၁၉ လုံး၊ အချိုရည် ၁၁၉ ကတ်နှင့် နဝကမ္မအလှူငွေ ကျပ်သိန်း ၄၀ တို့ဖြစ်ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ပွင့်ဖြူ ကလေး၊ စစ်တွေ၊ မုံရွာမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း စေတနာရှင် ရဟန်းရှင်လူ ပြည်သူများ လာရောက်လှူဒါန်းခဲ့ကြသည့် သကၤန်း ၂၈၅၅ စုံ၊ သီလရှင်ဝတ်စုံ ၃၄၇ စုံ၊ သပိတ်အလုံး ၇၀၀၊ ဖိနပ်အရံ ၈၀၀၊ ကျမ်းစာအုပ်အစုံ ၁၂၀၊ ဆန် ၈၂၂ အိတ်၊ စတီးချိုင့်(သုံးဆင့်) ၇၀၀၊ စတီးဇွန်း ဒါဇင် ၁၅၀၊ ဆီ ပိဿာ ၈၀၊ စောင် ၃၀၉ ထည်နှင့် နဝကမ္မအလှူငွေ ကျပ်သိန်း ၁၀၀ တို့အားလည်း ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အင်္ဂပူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**အင်္ဂပူ စက်တင်ဘာ ၂**

အင်္ဂပူမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ စေတနာရှင်များနှင့် လူမှုရေးအဖွဲ့များက ထောက်ပံ့ပစ္စည်းများကိုအဆက်မပြတ်လှူဒါန်းလျက်ရှိရာ မင်္ဂလာမြန်မာ အရေးပေါ်ကူညီရေးအဖွဲ့က ရေဘေးသင့်ကျေးရွာအုပ်စုများဖြစ်သော ဝက်သေ၊ နောက်မီး၊ ညောင်ကျိုး၊ ခွေးတောက်ချောင်း၊ သက္ကယ်တန်း၊ စစ်ကုန်းစသော ကျေးရွာအုပ်စု ၁၂ စုမှ ရေဘေးသင့်ပြည်သူများအား ဆန်အိတ် အိတ် ၁၀၀၀ နှင့် နွားစာ CP အစာအိတ် ၁၀၄၂ အိတ်အား ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ Jasmine Palace Hotel (ရန်ကုန်) ဦးဆန်းနောင်က ငွေကျပ် ၂၂၂ သိန်း၊ Grand Guardian Insurance Public Co., Ltd က ငွေကျပ် သိန်း ၅၀၊ ဦးအောင်ဇော်မင်း၊ ဦးအဏ္ဏဝါ (တောင်ငူပရဟိတအဖွဲ့)က ငွေကျပ် ၄၈၀၀၀၀၊ သတင်းစဉ်(ပြည်တွင်း)က ငွေကျပ် ၇၄၀၀၀ စုစုပေါင်း ငွေကျပ် ၂၇၇၅၄၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၅၀၀၊ ဂျပန်ယန်း ၂၀၀၀၀၀၊ တရုတ်ယွမ် ၄၅၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀၊ ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ မြန်မာ့ဩဘာက ကျပ်သိန်း ၆၀ တန်ဖိုးရှိ Aquatabs ဆေးပြား ၅၀၀၀၀ စသည်တို့ကို လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ကလက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၂၇၆၈၀၂၅၂၄၃၊ အမေရိကန်ဒေါ်လာ ၁၂၅၉၀၈၂ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၁၃၆၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးစပါးစိုက်ကေ လျာထားချက်ပြည့်မီရေး ရေကြီးနစ်မြုပ်ခဲ့သော လယ်ယာမြေများကို အချိန်မီပြန်လည်စိုက်ပျိုး

**မော်လမြိုင် စက်တင်ဘာ ၂**

ဇူလိုင်လ နောက်ဆုံးပတ်နှင့် ဩဂုတ်လဆန်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ရာ မွန်ပြည်နယ်အတွင်းတွင်လည်း ဩဂုတ် ၃ ရက်အထိ မြို့နယ် ငါးမြို့နယ်ရှိ မိုးစပါးစိုက်ဧက ၁၃၀၁၀ ရေနစ်မြုပ်ခဲ့ပြီး ရေကျချိန်တွင် ဘီးလင်းမြို့နယ်တွင် ထိခိုက်ဧက ၂၂၂၀ နှင့် ပေါင်မြို့နယ်တွင် ၇၄ ဧကအထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မိုးစပါးစိုက်ဧကများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာကော်မတီ ၄ ရပ်နှင့် ကျေးရွာကော်မတီ ၃ ရပ်တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာတွင် မိုးစပါးစိုက်တောင်သူ ၇၄၈ ဦးတို့၏ ထိခိုက်ဧက ၂၂၂၀ အတွက် မျိုးစပါး တင်း ၄၅၀နှင့် ယူရီးယားဓာတ်မြေဩဇာ ၅၅၅ အိတ်၊ တန်ဖိုးငွေကျပ် ၁၆၇ သိန်းကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းကဲ့သို့ ထောက်ပံ့ပေးမှုကြောင့် ၂၀၁၅- ၂၀၁၆ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်း မကျဆင်းရေးအတွက် ရေကြီးနစ်မြုပ်လယ်ယာမြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (MP 96) တာဝါတိုင်အသစ် ပြန်လည်စိုက်ထူခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၂၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၁၁၉၇၀၀ | ၃. ၅၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၂၀' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၃၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၇၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၃၅' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၂၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၇၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၄၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဖင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၉၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဥ့်ကူးချောင်းဂေါ်င်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၄၀' |
| ၂၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၂၀' |
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၄။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၅၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၃၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၂၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၂. ၂၀' |
| ၂၈။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၂. ၉၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၃၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၅' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၆၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

(သတင်းစဉ်)

## ခန္တီးမြို့တွင် အင်းရေနှင့်ချင်းတွင်းမြစ်ရေ ဆက်တိုက်ဝင်ရောက်လျက်ရှိ

ခန္တီး စက်တင်ဘာ ၂

ခန္တီးခရိုင်နှင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် ဩဂုတ် ၃၀ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ စက်တင်ဘာ ၂ ရက်တွင် ခန္တီးမြို့နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြေနိမ့်ပိုင်းကျေးရွာများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့တွင်း ပေါမိုင်းရပ်ကွက်နှင့် မြို့မရပ်ကွက်ရှိ မင်္ဂလာဈေးအတွင်း အင်းရေအနက် ခြောက်ပေခန့် ဝင်ရောက်ခဲ့ပြီး ကမ်းနားလမ်းတစ်လျှောက်တွင် ရေထိန်းနံရံများ၊ ရေတားများပြုလုပ်ထားသော်လည်း ကင်းတော်ဆိပ်ကမ်းနှင့် မြို့မဘုန်းတော်ကြီးကျောင်းရှေ့၌ ချင်းတွင်းမြစ်ရေ ဆက်တိုက်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြေနိမ့်ပိုင်းရှိ အိမ်ခြေ ၃၅၃ အိမ် ရေနစ်မြုပ်ခဲ့သဖြင့် ရေဘေးဒုက္ခသည် ၁၈၀၃ ဦးတို့အား မြို့မရပ်ကွက်ရှိမြသိန်းတန်ဘုရား ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက (၂-၉-၂၀၁၅)ရက်နေ့ထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၅၁၈ | ၃၀၃၀၅ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၅၄၄ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၅၇၄၂ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၄၀၈ | ၅၇၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၇၂၀၉၃ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၃၀၃၁ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၇၈၅၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၅၇၁၃ | ၂၅၁၆၉၉ | ၂၀၉၆၄၅ | ၁၂၆၃၂ |
| | စုစုပေါင်း | ၁၄၅၂၇၆၄ | ၁၃၈၁၈၅၂ | ၁၁၀၉၈၈၆ | ၈၄၂၃၅၇ | ၃၈၆၃၀၆ |

### ○မြန်မာပရိသတ်များမှ

အိမ်ရှင်အဖြစ်လက်ခံကျင်းပပြီး မြန်မာ ယူ-၂၀ အသင်းနှင့် တွေ့ဆုံခဲ့မှုများကြောင့် မြန်မာဘောလုံးပရိသတ်နှင့် မစိမ်းသည့်အသင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နယူးဇီလန်ဘောလုံးအဖွဲ့ချုပ်တို့သည် ၂၀၁၄ ခုနှစ်ကတည်းက စီစဉ်ခဲ့သော်လည်း ယခုမှသာကစားနိုင်ခဲ့ခြင်းဖြစ်သည်။ စတင်စီစဉ်ခဲ့စဉ်က ဖီဖာအသိအမှတ်ပြုခြေစမ်းပွဲအဖြစ် ကစားခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ရေဘေးသင့်ပြည်သူများကို လှူဒါန်းရန် ရန်ပုံငွေပွဲ ကစားမည်ဖြစ်သောကြောင့် ခြေစမ်းပွဲကပိုမိုတန်ဖိုးရှိသွားခြင်းဖြစ်သည်။

မြန်မာအသင်းနှင့်ခြေစမ်းမည့်နယူးဇီလန်လက်ရွေးစင်အသင်းတွင် ဥရောပကလပ်အသင်းများ၌ ကစားနေသည့်ကစားသမားခုနစ်ဦး၊ မြန်မာယူ-၂၀ အသင်းနှင့် ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ယူ-၂၀ အသင်းမှ ကစားသမားခြောက်ဦးပါဝင်လာခဲ့ပြီး ကစားသမား ၂၁ ဦးဖြင့် ဖွဲ့စည်းလာခြင်းဖြစ်သည်။ မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်တစားကြည့်ရှုအားပေးနေသည့် အင်္ဂလန်ပရီမီယာလိဂ်တွင် ပါဝင်ကစားနေသည့် ဝက်စ်ဟမ်း နောက်ခံလူ ဝင်စတန်ရိဒ် ပါဝင်လာခဲ့သည်။ ဝင်စတန်ရိဒ်မှာ နယူးဇီလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဝက်စ်ဟမ်းအသင်းတွင် ၂၀၁၀ ခုနှစ်ကတည်းက ကစားနေခြင်းဖြစ်သည်။ ဝင်စတန်ရိဒ်သည် ဒိန်းမတ်လူငယ်လက်ရွေးစင်အသင်းများတွင် ပါဝင်ကစားခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် မွေးဖွားရာနိုင်ငံဖြစ်သည့် နယူးဇီလန်နိုင်ငံအား ပြန်လည်ကိုယ်စားပြုကစားခဲ့ခြင်းဖြစ်သည်။

ယင်းအသင်းကို အမေရိကန်နိုင်ငံသား အန်တိုနီဟော့စ်ဆန်က ကိုင်တွယ်လျက်ရှိပြီး ၂၀၁၄ ခုနှစ်ကစတင်တာဝန်ယူခဲ့ခြင်းဖြစ်သည်။ နယူးဇီလန်အသင်းသည် မတ်လအတွင်းက နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲတွင် တောင်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် ကူဝိတ်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ရောက်ရှိနေသည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အဝေးကွင်းပွဲစဉ်အဖြစ် ကူဝိတ်အသင်းနှင့် စက်တင်ဘာ ၃ ရက်(ယနေ့)မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲတွင် ကြားကွင်းအဖြစ် ဒိုဟာမြို့၌ ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ဩဂုတ်လတွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး လူငယ်ကစားသမားအများစုပါဝင်လာခဲ့ပြီး ပရိသတ်အချစ်တော်များဖြစ်သည့် ယူ-၂၃ အသင်းနှင့် ယူ-၂၀ အသင်းတို့မှ ကစားသမားများပါဝင်လာခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကူဝိတ်အသင်းနှင့် ခြေစမ်းပွဲမတိုင်မီ ဩဂုတ် ၂၈ ရက်က ယူအေအီးလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပရိသတ်အကြိုက်ကစားသမားများ၊ လက်ရှိခြေစွမ်းအမြင့်မားဆုံး ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်း၊ ပရီမီယာလိဂ်အပါအဝင် ဥရောပအခြေစိုက်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲမှာ မြန်မာ့ဘောလုံးပရိသတ်များ အမှန်တကယ်ကြည့်သင့်သည့်ပွဲဟု ဆိုချင်မိသည်။

## ဧရာဝတီမြစ်ရေမြင့်တက်ခဲ့ခြင်းကြောင့် ညောင်ဦးတွင် အခြေခံပညာ မူလတန်းလွန်ကျောင်းအချို့ ယာယီပိတ်ထားရ

ညောင်ဦး စက်တင်ဘာ ၂

ညောင်ဦးတွင် ဧရာဝတီမြစ်ရေပြန်လည်မြင့်တက်လာခြင်းကြောင့် တောင်ဘီလယ်ယာကျေးရွာအုပ်စုဖြစ်သည့် ဆယ်လံကျေးရွာတွင် ဖွင့်လှစ်ထားရှိသော အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်းသို့ ရေများဝင်ရောက်လာခဲ့ပြီး ရေနှင့်အတူ မြွေများ မျောပါလာခဲ့ကြောင်း သိရသည့်အပြင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသွားလာရေးတွင်လည်း ရွှံ့ညွန်များကြောင့် သွားလာရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့၍ ဩဂုတ် ၂၈ ရက်မှ စတင်ပြီး စာသင်ကျောင်းအား ယာယီပိတ်ထားခဲ့ရကြောင်း တောင်ဘီလယ်ယားကျေးရွာ ကမ္မဘုန်းတော်ကြီးကျောင်းတွင် ယာယီတည်းခိုနေထိုင်လျက်ရှိသည့် ဆယ်လံကျေးရွာဒေသခံများထံမှ သိရသည်။

ညောင်ဦးမြို့နယ် တောင်ဘီ လယ်ယားအုပ်စု ဆယ်လံကျေးရွာသည် အိမ်ထောင်စု ၂၆၄ စု၊ လူဦးရေ ၁၁၆၀ ဦးရှိပြီး ဧရာဝတီမြစ်ရေဖြင့် သီးနှံများစိုက်ပျိုးကာ စီးပွားရေးကို အဓိက လုပ်ကိုင်ကြကြောင်း သိရသည်။ ယခုနှစ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုမှာ ယခင်နှစ်များထက် ပိုမိုမြင့်တက်ခဲ့ရာ ဆယ်လံကျေးရွာနေပြည်သူများအား တောင်ဘီလယ်ယားကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများတွင် ယာယီကယ်ဆယ်စခန်းများ ဖွင့်လှစ်ထားရှိပြီး လိုအပ်သည်များ ကူညီစောင့်ရှောက်၍ စီစဉ်ထားရှိခဲ့ရကြောင်း၊ ညောင်ဦးတွင် ဧရာဝတီမြစ်ရေသည် ပြန်လည်ကျဆင်းခဲ့ရာမှ ယခုအနည်းငယ်မြင့်တက်လာခဲ့ခြင်းကြောင့် ဆယ်လံကျေးရွာရှိ အချို့မြေနိမ့်ပိုင်းနေရာများတွင် ရေများ လူခါးဝက်အထိရှိကြောင်း၊ အခြေခံပညာကျောင်းဝင်းအတွင်းသို့လည်း ရေများဝင်ရောက်ခဲ့ခြင်းကြောင့် စာသင်ကျောင်းအား ယာယီပိတ်ထားခဲ့ရကြောင်းနှင့် ယခင်မြစ်ရေမြင့်တက်မှုကြောင့်လည်း ကျောင်းတွင်ရှိသော စာသင်ခုံ ၁၂ လုံး၊ ကျောက်သင်ပုန်း နှစ်ချပ်၊ စာရေးစားပွဲ နှစ်လုံးနှင့် ကုလားထိုင် နှစ်လုံး ပျက်စီးခဲ့ပြီး စာသင်ကျောင်းမှာလည်း ရေတိုက်စားမှုကြောင့် ပြန်ဖျက်ဆောက်ရတော့မည်ဖြစ်ကြောင်း ဆယ်လံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက ပြောပြသည်။

ရဲဝင်းနိုင်(IPRD)

# အနာဂတ်နိုင်ငံတော် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေရန် ဂျပန်နိုင်ငံသို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာမည်

**တွေ့ဆုံမေးမြန်း - ရိုရိုမြင့်၊ ဓာတ်ပုံ - လှမိုး**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် ၂၀၁၅ အတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘက်စုံထူးချွန်သူ ၂၀ အား ရွေးချယ်ပြီးဖြစ်၍ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံလေ့လာရေး ခရီးစဉ်အတွက် လေ့လာရေးသင်ကြားမှုများ ဆောင်ရွက်ရန် စခန်းဝင်လေ့ကျင့်မှုအစီအစဉ်ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းသွယ် ၇ ရှိ ကမ္ဘောဇဘဏ် သင်တန်းကျောင်းဝင်း၌ ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်တွင် လိုက်ပါမည့် တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို စုစည်းဖော်ပြလိုက်ရပါသည်။


ဦးစောလှမင်း။


ဒေါ်သက်ဟေမာဦး။


မောင်ခွန်ဇင်ကိုနိုင်။


မဗန်ရွှေအီယာန်း။

**မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်း**

မြန်မာ-ဂျပန် နှစ်နိုင်ငံပြည်သူအချင်းချင်းအကြား ကူးလူးဆက်ဆံမှုမှာ ကျောင်းသားလူငယ်ချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ဖို့ အနာဂတ်နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးထူးချွန်ချွန် အောင်မြင်ခဲ့တဲ့ ကလေးတွေကို မိဘပြည်သူများနဲ့နိုင်ငံတော်ကိုယ်စား မြန်မာ-ဂျပန်အသင်းက အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ပါဝင်ဂုဏ်ပြုနိုင်ဖို့ ဒီရည်ရွယ်ချက်သုံးရပ်နဲ့ မြန်မာ-ဂျပန်အသင်း ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျောင်းသား ရွေးချယ်တဲ့အစီအစဉ်က အရေးကြီးဆုံးပါ။ ကျောင်းသား ၂၀ ရွေးမယ်လို့ ဆုံးဖြတ်ထားတယ်။ ရွေးမယ်ဆိုတော့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကနေ အမှတ်စာရင်းတွေ တောင်းတယ်။ ၉၂ ယောက် အဆိုပြုလွှာတင်တယ်။ အသင်းရွေးချယ်ရေးကော်မတီက ပဏာမ ၆၇ ယောက်ကို အင်တာဗျူးခေါ်တယ်။ အဲဒီထဲက ၂၀ ကို ထုတ်ပြန်ကြေညာလိုက်တယ်။ အဓိက ကသွက်လက်ရမယ်။ ကျန်းမာကြံ့ခိုင်ရမယ်။ ဥပဓိရုပ်လည်း ကောင်းရမယ်။ အဲဒီလိုရွေးတဲ့အတွက် ကျန်ခဲ့တာလည်းရှိတယ်။ အသင်းအနေနဲ့ မျှမျှတတနဲ့ ရွေးချယ်တာကို မိဘပြည်သူများအနေနဲ့ နားလည်စေချင်တယ်။

အခုအစီအစဉ်က ဒုတိယနှစ်ပါ။ ၂၀၁၄ ခုနှစ်ကလည်း ထူးချွန်သူ အယောက် ၂၀ ရွေးခဲ့တယ်။ ဒီအစီအစဉ်ကို အဓိကပံ့ပိုးပေးတာ ကမ္ဘောဇဘဏ်ပါ။ ဂျပန်ရောက်ရင် ကျောင်းသား ကျောင်းသူတွေ ကိုယ့်ရဲ့နား၊ မျက်စိဖွင့်ရမယ်။ ဦးနှောက်အတွေးအခေါ် အသိဉာဏ်ကိုလည်း ဖွင့်ရမယ်။။ ဒီခရီးစဉ်ကနေ မိမိတို့ဘဝအတွက်၊ နိုင်ငံအတွက် အကျိုးပြုမယ့် အတွေ့အကြုံ ဗဟုသုတတွေကိုရရှိအောင် လေ့လာဖို့ မှာကြားတယ်။ ပြန်လာရင်လည်း ဒီအစီအစဉ်နဲ့ပဲ လွှတ်ပါတယ်။ ရှေ့က ကလေးတွေကို စံနမူနာပြုပြီး ဒီနှစ်ပိုပြီး လုပ်လာမယ်လို့ထင်ပါတယ်။ မနှစ်က ကလေးတွေလည်း ဒီအသီးအပွင့်တွေ ခံစားရပါတယ်။ ဒီခရီးစဉ်က နောင်လာနောက်သား မျိုးဆက်သစ်တွေအတွက် ကောင်းပါတယ်။ နောက်နှစ်တွေလည်း ဒီအခွင့်အရေးတွေ ရလာမှာဖြစ်တဲ့အတွက် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မောင်ခွန်ဇင်ကိုနိုင် (ကရင်ပြည်နယ် ဘားအံ အထက-၃)**

အရွေးခံရတာ ပျော်ပါတယ်။ ဂျပန်စာလည်း လေ့လာထားတယ်။ ကိုယ့်ပြည်နယ်အကြောင်း မေးလာရင် ဖြေနိုင်ဖို့ လေ့လာထားတယ်။ ကရင်ရိုးရာ အဝတ်အစားတွေယူသွားဖို့ ပြင်ဆင်ထားပါတယ်။ နောင်လာမယ့် ညီငယ်ညီမငယ်တွေ ကြိုးစားကြပါ။ ကျောင်းစာတင်မကဘူး၊ အခြားဗဟုသုတတွေ၊ အားကစားဘက်မှာပါ ဘက်စုံထူးချွန်အောင် လုပ်ထားကြဖို့ ပြောချင်ပါတယ်။

**မဗန်ရွှေအီယာန်း (ချင်းပြည်နယ် ဟားခါး အထက-၃)**

ဂျပန်ကို သွားရလို့ ဝမ်းသာပါတယ်။ သမီးသွားရမယ်လို့တောင် မထင်ထားပါဘူး။ ဒီလိုအခွင့်အရေးမျိုးတွေရတော့ ကျေးဇူးတင်မိပါတယ်။ ဂျပန်စကားတော့ လေ့လာရတယ်။ ဒီခရီးစဉ်ကရတဲ့ အတွေ့အကြုံတွေကို ညီငယ် ညီမငယ်တွေအတွက် မျှဝေပေးပါမယ်။ အခုလိုအခွင့်အရေးမျိုးက လူတိုင်းမရနိုင်ပါဘူး။ ကျောင်းစာတစ်ခုတည်းမဟုတ်ဘဲ ဗဟုသုတတွေရှာဖွေဖို့၊ ကျန်းမာဖို့၊ အားကစားကိုလိုက်စားဖို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်သက်ဟေမာဦး(အသင်းအုပ်ချုပ်သူ)**

အုပ်ချုပ်သူတစ်ယောက်အနေနဲ့ ကလေးတွေရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးကို အဓိကထားပါတယ်။ နောက်တစ်ချက်က ဂျပန်နိုင်ငံရဲ့ ဓလေ့ရိုးရာတွေက ကွဲပြားတော့ အခုစခန်းသွင်းတဲ့အချိန်မှာ ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာ အဓိကထား စခန်းသွင်းလေ့ကျင့်ပေးမယ်။ ဂျပန်လူမျိုးတွေရဲ့ အိမ်မှာနေရမယ့် **Home Stay** အစီအစဉ်တွေပါပါတယ်။ အဲဒီအတွက်ကြောင့် ဂျပန်ဘာသာစကားကို သင်ကြားပေးမှာပါ။ အင်္ဂလိပ်စာလည်း သင်တန်းပေးမယ်။ ကျောင်းသားတွေ တွေ့ဆုံပွဲပါမယ်ဆိုတော့ အချင်းချင်းတွေ့ကြတဲ့အခါ အင်္ဂလိပ်နဲ့ ဂျပန်စကားပြောနိုင်ဖို့ အဓိကမေးခွန်းလေးတွေကို ကြိုထုတ်ပေးမယ်။ မနှစ်ကလည်း အတွေ့အကြုံ ရှင်းလင်းပွဲရှိတယ်။ ခရီးစဉ်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာ ပြန်တင်ရမယ်။ အစီရင်ခံစာကို ကြည့်ပြီး ဆုချီးမြှင့်ပါမယ်။

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ်၂၀၁၅ အတွက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၃၁ ဦးသည် ဂျပန်နိုင်ငံသို့ စက်တင်ဘာ ၅ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။




## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၁၃၁ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၂၈၄ ဦး စုစုပေါင်း ပညာသင် ၄၁၅ ဦးကို ပြည်ပနိုင်ငံ ၂၃ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ ဩဂုတ်လအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဆွမ်းဆန်တော်နှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

**လှည်းကူး စက်တင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းကုန်းတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဩဂုတ် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၂ ကျောင်းအတွက် ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့က ပေးအပ်လှူဒါန်းကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဆန် ၁၅၄ အိတ်၊ စာအုပ် ဒါဇင် ၈၉၀၊ ဘောပင်အချောင်း ၅၀၀၊ ခဲတံ ၄၅ ဒါဇင်၊ ကျောင်းဝတ်စုံ ၆၉၉ စုံ၊ မြောက်ပိုင်း (ခရိုင်/မြို့နယ်) အမျိုးသမီးရေးရာအဖွဲ့တို့မှ လှူဒါန်းသည့် စုစုပေါင်း ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆီ၊ အာလူး၊ ကြက်သွန်၊ ကုလားပဲစသည့် လှူဖွယ်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂**

မိတ္ထီလာခရိုင်အတွင်းရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆွေးနွေးပွဲတွင် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းနွဲ့၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင်ဒါရိုက်တာ ဦးတင်ငွေ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းနိုင်နှင့် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ စုပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## တောင်ယာမြေပဲစိုက်ခင်းများ ကြွက်များကိုက်ဖြတ်နေ၍ တောင်သူများအခက်တွေ့

**ရေတာရှည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများတွင် မိုးမြေပဲများကို အဓိကစိုက်ပျိုးကြကာ ယခုနှစ်စိုက်ပျိုးသော တောင်သူများ၏ မြေပဲစိုက်ခင်းများမှာ ကြွက်များ ကိုက်ဖြတ်ဖျက်ဆီးနေသဖြင့် တောင်သူများအတွက် ဆုံးရှုံးမှုကြုံတွေ့နေရပြီး အခက်အခဲတွေ့နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

“တောင်ယာ ပဲစိုက်ဆိုတာက အလွန်ကောင်းပါတယ်ဆိုရင်တောင် မျိုးသာသာရကြတာ။ တောနဲ့နီးတဲ့ နေရာတွေမှာ ကြွက်တွေတအား ကိုက်တာ။ ဒီနှစ်တော့ မျိုးဖိုးတောင် ရပ့ါမလားမသိဘူး”ဟု ကျောက်မဆင် သစ်တောကြိုးဝိုင်းအတွင်း တောင်ယာမြေပဲစိုက်ပျိုးသည့်တောင်သူတစ်ဦးက ပြောသည်။

ရေတာရှည်မြို့အနောက် စကွေး၊ မရိုးခုံ၊ သနပ်ခုံ၊ ဆွာမြို့အနောက်ဒေသများရှိ စိုင်းရ၊ ကျောက်မဆင် သစ်တောကြိုးဝိုင်း ဒေသများတွင် မြေပဲကို အဓိကစိုက်ပျိုးကြပြီး ဈေးကွက်သို့ အများဆုံးတင်ပို့ကာ ဝင်ငွေကောင်းမွန်သည့် ဆီထွက်သီးနှံလည်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

**ပညာရွှေအိုး လူမခိုး**

## ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မူဆယ် စက်တင်ဘာ ၂**

မူဆယ်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ ရက်က မြို့မရဲစခန်း အောင်ဆန်းသူရိယအေးချိုခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦး၊ ခရိုင်ကညနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှတ် (၁၂၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးတို့က အသိပညာပေး ဆွေးနွေးခဲ့ကြပြီး ခရိုင်ကညနမှ ယာဉ်မောင်းသူများ လက်စွဲစာအုပ်ကို တက်ရောက်လာသည့် အဝေးပြေးမော်တော်ယာဉ်လိုင်းများမှ ဂိတ်မှူးများ၊ ရောက်ရှိရပ်နားနေသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝ၁၁၂)**




## ရေမွှေးပါတီတွင် ရီဟားနားတိုက်ခိုက်ခံရ

အသက်(၂၇)နှစ်အရွယ် အမေရိကန်ပေါ့ပ် အဆိုတော် ရီဟားနားသည် စက်တင်ဘာ ၁ရက် (တနင်္လာနေ့)က အမေရိကန်နိုင်ငံ နယူးယော့ခ်မြို့တော်တွင် ပြုလုပ်ခဲ့သော ရေမွှေးပါတီသို့ တက်ရောက်ခဲ့ပြီး အဆိုပါ ပါတီတွင် တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးလှုပ်ရှားသူများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်။

အဆိုပါရေမွှေးပါတီသည် "RiRi"ဟု အမည်ပေးထားသည့် ရီဟားနား၏ အနှစ်သက်ဆုံးသောမွှေးရနံ့အတိုင်း ထုတ်လုပ်ထားသည့် ရေမွှေးမိတ်ဆက်ပွဲလည်း ဖြစ်သည်။

ရီဟားနားသည် ၁၉၈၈ ခုနှစ်တွင် မွေးဖွားခဲ့သူတစ်ဦး ဖြစ်သည့်အတွက် သူ၏မွေးသက္ကရာဇ်ကို ရည်ရွယ်ကာ မကြာသေးမီက ခြေထောက်တွင် "88" ဟု တက်တူးရေးထိုးခဲ့ပြီး အဆိုပါတက်တူးကို မြင်သာစေမည့် ပန်းရောင်ဇာဝတ်စုံကို ဝတ်ဆင်ကာ အဆိုပါ ပါတီသို့ တက်ရောက်ခဲ့သည်။

အဆိုတော်သည် ယင်းရေမွှေးပါတီပွဲသို့ မည်သည့် တိရစ္ဆာန်ထွက်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ဝတ်ဆင်တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ယခင်က တိရစ္ဆာန်ထွက်ပစ္စည်းများကို ဝတ်ဆင်အသုံးပြုလေ့ရှိသည့်အတွက် ပါတီပွဲဆင်နွှဲနေစဉ် တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေး လှုပ်ရှားသူများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်။

ယခုကဲ့သို့ တိုက်ခိုက်ခံရခြင်းသည် ရီဟားနားအတွက် ပထမဦးဆုံးအကြိမ် မဟုတ်ပေ။ ၂၀၁၂ ခုနှစ်က မွေ့အရေခွံဖြင့် ပြုလုပ်ထားသော လည်ရှည်ဖိနပ်ကို ဝတ်ဆင်ခဲ့သည့်အတွက်လည်း တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေး လှုပ်ရှားသူများ၏ တိုက်ခိုက်ခြင်းကိုခံခဲ့ရကြောင်း တီအမ်ဇက်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။

အေးပြည့် - စုစည်းသည်။

## ရုပ်ရှင်သစ်မှာ လီမင်ဟိုနှင့်တွဲဖက်သရုပ်ဆောင်မည့် ခေါင်းဆောင်မင်းသမီး တစ်ဖန်နီ

တောင်ကိုရီးယားမင်းသားချော လီမင်ဟိုရဲ့ အက်ရှင်ဇာတ်ကားသစ် Bounty Huntersတွင် ပါဝင်သရုပ်ဆောင်မည့် ခေါင်းဆောင်မင်းသမီးကို ရွေးချယ်လျက်ရှိရာ နောက်ဆုံးတွင် တရုတ်မင်းသမီးချော တစ်ဖန်နီတန်းဂ်ကို ရွေးချယ်ခဲ့သည်။

တစ်ဖန်နီသည် တရုတ်နိုင်ငံတွင် အလှပဆုံးနှင့် အကျော်ကြားဆုံးသော မင်းသမီးများအနက် တစ်ဦးအပါအဝင်ဖြစ်ကာ ၂၀၀၆ခုနှစ်က ထုတ်လွှင့်ပြသခဲ့သော "Farewell for Love"ရုပ်ရှင်ဖြင့် အောင်မြင်မှုစတင်ရရှိခဲ့သည်။ သူသည် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းများစွာတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုနှစ်တွင် အဆိုတော်နှင့် သရုပ်ဆောင်မင်းသား ရိန်းနှင့်အတူ ရုပ်သံဇာတ်လမ်းတွဲ "Diamond Lover"တွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။



ယခုရိုက်ကူးမည့်ရုပ်ရှင်တွင် တစ်ဖန်နီသည် လီမင်ဟို၏ချစ်သူနေရာမှ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ဟောင်ကောင်အဆိုတော်နှင့် မင်းသားဝေ့ါလေ့စ်ချမ်းသည်လည်း ယင်းရုပ်ရှင်တွင် ပါဝင်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ကို တောင်ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်းနှင့် အခြားအာရှနိုင်ငံများတွင် သွားရောက် ရိုက်ကူးမည်ဖြစ်ကာ စက်တင်ဘာ ၂ ရက်တွင် ရိုက်ကူးရေး လုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# လာရာလမ်းသို့ ပြန်ခဲ့သည့် သားငယ်ကျန်ခဲ့ပြီ

ပြည့်စုံအောင်

**ယမန်နေ့မှအဆက်**

ဒီဘက်လာပေါင်းမယ်ဆိုရင် လေအောက်ကနေ ခပ်လှမ်းလှမ်း လျှိုကနေကူးခဲ့ပါ။ ကျွန်တော်လည်း ဒီဘက်တွင် အားနည်းနေမှု တစ်စုံတစ်ရာဖြစ်လာပါက သေဖွယ်ကလွဲ၍ မည်သို့မှမတတ်နိုင်ချိန်မို့ ဆင်ဖမ်းအဖွဲ့ရှိရာ အရပ်သို့ သွားပေါင်းရလေသည်။အချိန်သည်ကား ညနေ ၅ နာရီဝန်းကျင်သို့ ရောက်ခဲ့လေပြီ။တောဆင်ရိုင်းများအား မူလလာရာတောဆီသို့ မောင်းနှင်ရန်အတွက် အဖွဲ့အစည်းများနှင့်အတူ ကွန်ဂျီဆင် လေးကောင်လည်း ရောက်ရှိလာပြီဖြစ်သည်။ ဩော် ... အရေးအကြောင်းဆို ဒိန်းဒေါင်းဖျက်ပြန်သည်။ မထင်မှတ်ဘဲ မိုးက ရွာချလေသည်။ "မိုးရွာတုန်း ဝင်မမောင်းပါနဲ့ . . ဘာသံမှလည်း မကြားနိုင်သလို . . ဗျောက်အိုးဖောက် မောင်းဖို့လည်း မလွယ်ဘူး။ မိုးတိတ်အောင်စောင့်ကြည့်ပါ" ဟု ဆင်အုပ် တစ်ယောက်က လှမ်းအော်နေသည်။ ဆင်များနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသူ အရာရှိမှ "ကဲ. . ငါတပည့်တို့ ဆင်တွေကို အဓိကဘေးကင်းအောင် မောင်းထုတ်ပါ။ လူတွေကိုလည်း အန္တရာယ်မဖြစ်အောင် အချိန်ကိုတွက်ပြီး ဆောင်ရွက်ပါ။ အဓိကဆင်တွေကို မရိုင်းပါစေနဲ့။ ငါ့တပည့်တို့ ဆင်ပညာရှင်တွေပါ။ အရာခပ်သိမ်းနားလည်ပြီးသားမို့ အများကြီး လမ်းမညွှန်တော့ပါဘူး" ဟု ညွှန်ကြားသံကြားရသည်။ မိုးကတော့စဲလေပြီ။ "ကွန်ဂျီဆင်တွေကို အနီးကပ်ဆုံးချုံအထိ ဝင်ပြီး အနံ့ပေးပါ။ လိုအပ်ရင်အသံပြုပါ"။ ကွန်ဂျီဆင်နှစ်ကောင်နှင့် ဆင်အုပ်ငါးဦး တောဆင်ရိုင်းများ ပုန်းလျှိုရာသို့ ချဉ်းကပ်နေလေသည်။ ထပ်မံ၍လျှို၏ အပေါ်မှ ကွန်ဂျီဆင်နှစ်ကောင်နှင့် အတူ ဆင်အုပ်များ၊ ဆင်ဆရာဝန်များက ဝန်းရံထားလေသည်။

" ဟော့ . . . ကံပြင် အုပ်ချုပ်ရေးမှူးကြားလား. . ကြားလား-အောက်ဘက်က ရွာတွေကို လူတွေအပြင်မထွက်ခိုင်းပါနဲ့။ လယ်တောရောက်နေသူတွေကို ပြန်ခေါ်ပါ။ နီးစပ်ရာ ရွာတွေ အကြောင်းကြားပါ။ တောဆင်တွေ ထွက်လာတော့မယ်။ ရွာထိပ်မှာ အမှိုက်ပုံပါ။ ကိုယ့်ရွာက ဆင်တွေကျော်သွားရင် မီးရှို့ပြီး အချက်ပြပါ" ဟု ပုပ္ပားတောင်ချစ်သူများ နာယက ဆရာတော်ကလည်း ဖုန်းဖြင့် တစ်မျိုး၊ အိုင်ကွန်နဲ့တစ်ဖုံ ဝန်းရံကူညီနေရသည်။ လျှိုအတွင်းမှ ချုံတိုးသံများ၊ နှာမှုတ်သံများ ကြားရပြန်သည်။"ဖထီး ဖထီး ဒီကောင်တွေ ပြန်တိုက်ချင်နေတယ်။ အထဲမှာပါတဲ့ ဟိုင်းဆင်က အရွယ်ချင်းတူနေတော့ ပြန်တိုက်ချင်နေတယ်" အေး . . . ဇွတ်မတိုက်နဲ့။

ဒီကောင်တွေ ဟန်ပြနေတယ်။ သားထိန်းဆင် မျက်ကွယ်မပျောက်စေနဲ့ ငါးကောင်လုံးရှိတယ်။ ဆင်ပေါက်ကို ဝိုင်းထားပြီး သားထိန်းနဲ့၊ ဆင်မကြီးလှည့်နေတယ်။ ဖထီး အေး . . . ခဏစောင့် အခြေမဟန်ရင် ဗျောက်အိုးဖောက်၊ အခြေအနေကို အားလုံးက စောင့်ကြည့်နေရသည်။

"မဆိုင်တဲ့ရွာသားတွေ ဝေးဝေးနေပါ။ ဆင်တွေ ဘယ်လမ်းက တက်လာမယ် မခန့်မှန်းနိုင်ပါဘူး" ဟု လာကြည့်နေသော ရွာသားများကို ထိန်းရသည်ကလည်း မလွယ်။ တစ်ခဏတွင် "ဖောင်း" ဟု သော ကျယ်လောင်သံနှင့်အတူ ဗျောက်အိုး ဖောက်သံကျယ်လောင်စွာထွက်ပေါ်လာလေသည်။ အချိန်အနည်းငယ်တွင် ချုံတိုးသံများ ထွက်ပေါ်လာသည်။ အားလုံးမှာ စောင့်ကြည့်နေရသလို ကွန်ဂျီဆင်များသည်လည်း ချုံအတွင်းဝင်၍ မဖြစ်သေးပေ။ ထိပ်တိုက်တွေ့ပါက တောဆင်နှင့် ကွန်ဂျီဆင်တိုက်ခိုက်နိုင်လေသည်။"ကိုသက်ပါ" "ကိုသက်ပါ" "ဆင်တွေ အနောက်ဘက် ယာတောကနေ ဖြတ်ပြေးကုန်ပြီ။ ကျွန်တော် အနောက်ဘက်ရောက်နေတယ်။ စံပြကျေးရွာ ဘက်ပြေးပြီ။ အလွန်မြန်တယ်။ ငါးကောင်လုံး မြင်နေရတယ်။ပြေးပြီ။ နောက်ကလိုက်ကြည့်နေတယ်" ဟု ကိုသက်ဝင်း အိုင်ကွန်မှ အသံဝင်လာသည်။

"ဦးဇင်းရှိလား" "ကိုဖြိုးရှိလား" "အုပ်ချုပ်ရေးမှူးရှိလား" "မီးစက်ကြီးရှိလား " ဟု အိုင်ကွန်များမှ ချိတ်ဆက်သံများပေါ်လာပြီး ဆင်များပြေးရာ လမ်းတစ်လျှောက် နောက်က အပြေးလိုက်ရပြန်သည်။ အားလုံးစုမိချိန်။ "ကျွန်တော် ဒီယာတောထိမီတယ် ဒီအောက်လျှိုထဲမှာ ပျောက်သွားတယ်" ဟု ကိုသက်မှ ပြောသည်။ ကဲ . . . ဆင်အုပ်နဲ့ ကွန်ဂျီဆင်တွေ တောတိုးပါမယ်။ ကျန်တဲ့သူတွေ ခပ်လှမ်းလှမ်းမှ လိုက်ပါ။ ဟိုနေ့ ကလို ခြေရာခံပြီးလိုက်ပါမယ်။ ကွန်ဂျီဆင်တွေ ဘေးက ပန်းထားပေးပါဟု ဆင်ဦးစီး တစ်ယောက်က အမိန့်ပေးလေသည်။ တောဆင်ရိုင်းများအား ခြေရာခံ၍ လိုက်နေစဉ် ကန်ရင်းရွာ၏အရှေ့တောင်ဘက်ရှိ (ခွေးကြာတွင်းကွင်းယာ)တွင် ထပ်မံခြေရာခံမိပြန်သည်။ "ဟိုမှာ ဟိုမှာ ပြေးပြီ ပြေးပြီ အသံပေးခြောက်ပါ၊ အသံပေးခြောက်လှန့်ပါ"ဟု အနောက်မှ ပါလာသူများလည်း အပြေးတစ်ပိုင်း လိုက်ရပြန်သည်။ "ကဲ . . . ကျွန်တော်တို့ အဖွဲ့တွေ ဒီညတော့ ဒီမှာပဲ နားရအောင်။ အချိန်ကမှောင်ပြီ။ ညအချိန် ဆက်လိုက်ရင် အန္တရာယ်များမယ်"ဟု ဆင်ဦးစီး တစ်ယောက်ဆီမှ အမိန့်ထွက်လာလေသည်။ ဒီနေ့တော့မဆိုးဘူးဗျာ။ ကျုပ်တို့ သွားစေချင်တဲ့ လာရာလမ်းကို သူတို့သွားနေတာကွက်တိပါပဲ။ ကျောက်ပန်းတောင်းနယ်ကထွက်ပြီး နတ်မောက်ကျော်ရင်တော့ စိတ်ချရပါပြီ။ ဒီဘက်မှာက ရွာစဉ်တွေဆက်နေလို့ လူတွေအတွက်ပူနေရတာပါ"ဟု ဆင်ဦးစီးက ထပ်လောင်းပြောသည်။ ကျွန်တော်တို့၏ ဒုတိယနေ့ ဆင်မောင်း ခရီးစဉ်သည်ကား ညောင်ဦးဘက်လမ်းကြောင်းမှနတ်မောက်လမ်းကြောင်းသို့ ပြောင်းခဲ့သလို။ လွင်ပြင်ကုန်း အနောက်ဘက်တောမှ မောင်းလိုက်သော တောဆင်ရိုင်းများသည် ကန်ရင်းရွာ အနီးတွင် တစ်ရက်တာနားပြန်သည်။ တောဆင်ရိုင်းများသည် မနက်ဖြန်ဘယ်သို့ ခရီးဆက်မည်ဆိုသည်ကို မသိသေးသော်ငြား လူတွေလည်း အတော်ပင် ပင်ပန်းလျက်ရှိနေတော့သည်။ တောဆင်ရိုင်း ငါးကောင်၏ လာရာလမ်းသို့ အပြန်ခရီးတွင် ကျန်ရစ်နေသော ဆင်ငယ်လေးအတွက် ရတက်မအေးခဲ့သော်လည်း ချန်ထားရစ်ခဲ့ရပြီလေ။ ဆင်ခြောက်ကောင်ဟာ မိသားစုအုပ်လေလား မသိသော်ငြား ကျန်ရစ်သော ဆင်ငယ်လေးနဲ့ ဆင်ငါးကောင်မှာ ဒီတစ်သက်ပြန်ဆုံဖို့ မလွယ်တော့ကြောင်းသိရပြန်တော့ ကျွန်တော်ရင်တွင်းဝယ်၊ ချစ်လျက်နဲ့ချန်ထားရစ်သူနဲ့ ချန်ထားခံရသူ ချစ်သူတွေအကြောင်း တွေးမိပြန်တော့-- ပြန်လည်ဆုံဆည်းကြပါစေလို့ ဆုတောင်းပေးရုံမှ တစ်ပါး။

စာကြွင်း။ ။ ဩဂုတ် ၁၈ ရက်မှစတင်၍ မျက်စိလည်လမ်းမှားကာ နယ်ကျွံဝင်ရောက်လာခဲ့သော တောဆင်ရိုင်းအုပ်သည် မြန်မာပြည်အလယ်ပိုင်း ပုပ္ပားတစ်ဖက်ကွေ့ပတ်ပြီးသည့်နောက် ဩဂုတ် ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အိုင်မဲရွာဘက်မှ စွန်သစ်တောကြိုးဝိုင်းအတွင်းသို့ ပြန်လည် ဝင်ရောက်သွားပြီ ဖြစ်သည်။ တောဆင်ရိုင်းအုပ်မှ ကွဲကျန်ရစ်ခဲ့သော ဆင်ပေါက်လေးအား ဆေးဝါးကုသပေးပြီး ယဉ်ပါးအောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**အားကစား**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် CB Bank မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် ပဉ္စမပွဲစဉ်(ပြင်ဦးလွင်)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက CB Bank သို့ ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ချီးမြှင့်ရာ CB Bank ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှလှက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ကို ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်လတ်ကလက်ခံရယူသည်။

ထို့နောက် အပျော်တမ်း အမျိုးသမီးနေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင်နှင့် အထက်မြန်မာပြည်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားနေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကျော်ကျော်မြင့်နှင့် ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးခင်ဇော်တို့က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အပျော်တမ်းအဆင့် အမျိုးသမီး ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် တတိယရရှိသော ခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ဒုတိယရရှိသော ယဉ်မေမျိုး၊ စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့်ပထမရရှိသော မေဦးခိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်တပ်နယ်မှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြင့်မော်က အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၂၉၆ ချက်ဖြင့် တတိယရရှိသော လှိုင်မင်းထက်၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်ထွန်း၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ပထမရရှိသောကျော်သက်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွန်းက Professional အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၇ ချက် (1 Under) ဖြင့် တတိယရရှိသော ဘိုဘို (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၈၄ ချက် (4 Under) ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်း (New Star)၊ စုစုပေါင်းရိုက်ချက် ၂၈၃ ချက် (5 Under)ဖြင့်ပထမရရှိသွားသော လှမျိုး (Mizuno) တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍ CB Bank မှ ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်က ပထမရရှိသွားသော လှမျိုး (Mizuno) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**

## မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားသမား ဟိန်းစည်သူ ဒုတိယငွေတံဆိပ်ဆုရရှိ

**ရန်ကုန် စက်တင်ဘာ ၂**

World Junior Golf Series က ကြီးမှူး၍ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက် ဟန်ဂေရီနိုင်ငံ The Pannonia Golf and Tournament ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်ဂေါက်သီးရိုက်အားကစားသမား ဟိန်းစည်သူက ဒုတိယငွေတံဆိပ်ဆုရရှိသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်လက်ရွေးစင်ဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူသည် စုစုပေါင်းရိုက်ချက် ၂၂၀ ချက်ဖြင့် ဒုတိယငွေတံဆိပ်ဆုရရှိသည်။ ဩစတြီးယားနိုင်ငံမှ Christopher Fisher က စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် တတိယရရှိကြောင်းသိရသည်။

**(ကြေးမုံ)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**




# ၂၀၁၅တွင် အပြောင်းအရွှေ့စရိတ်စံချိန်တင်မြင့်တက်ခဲ့သည့် ပရီမီယာလိဂ်

၂၀၁၅ အတွင်း ပရီမီယာလိဂ်အသင်းများအနေဖြင့် ကစားသမား အပြောင်းအရွှေ့အသုံးစရိတ်အတွက် ပေါင်တစ်ဘီလီယံအထိအသုံးပြုခဲ့ရာ ယင်းမှာကမ္ဘာ့ပထမဆုံး စံချိန်တင်အသုံးစရိတ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပရီမီယာလိဂ်အသင်းများသည် ၂၀၁၅ နွေဈေးကွက်၌ ပေါင်သန်း၈၇၀အထိအသုံးပြုခဲ့သလို ပြီးခဲ့သည့်ဇန်နဝါရီဈေးကွက်ဖွင့်ချိန်တွင်လည်း ပေါင်သန်း၁၃၀အသုံးပြုခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ်မှာ ပေါင်တစ်ဘီလီယံအထိမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၄နွေဈေးကွက်၌ ပေါင် ၈၃၅သန်းသာအသုံးပြုခဲ့ရာ ယခုနှစ်တွင် ယမန်နှစ်ကထက် အသုံးစရိတ် ၄ရာခိုင်နှုန်းခန့်မြင့်တက်လာခြင်းဖြစ်သည်။အားကစားလေ့လာဆန်းစစ်ရေးအဖွဲ့ဒီလွိုက်မှ ဝါရင့်မန်နေဂျာ အဲလက်စ်တော်ပီကမူ ပရီမီယာလိဂ်အသင်း၂၀လုံးမှာ ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်း ၄၀တွင် စာရင်းဝင်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်အကောင်းဆုံးလိဂ်မှာ ပရီမီယာလိဂ်ဖြစ်ကြောင်းဆိုခဲ့သည်။

၂၀၁၅အတွင်း အသုံးပြုခဲ့သော ပေါင်တစ်ဘီလီယံ၏ထက်ဝက်ကျော်ကို ပရီမီယာလိဂ်ပြင်ပကလပ်များမှ ကစားသမားများခေါ်ယူမှုအတွက် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။

တော်ပီက“ ပရီမီယာလိဂ်မှာ ကစားသမားအပြောင်းအရွှေ့အတွက် အသုံးပြုခဲ့တဲ့ငွေဟာ ဥရောပမှာရှိတဲ့တခြားလိဂ်တွေမှာ အသုံးပြုခဲ့တဲ့ငွေထက် နှစ်ဆကျော်များတယ်။ ဒီလိုငွေသုံးကြမ်းနိုင်တဲ့ အဓိကအကြောင်းကတော့ ရုပ်သံလွှင့်ကြေးစံချိန်တင်ရရှိခဲ့တာကြောင့်ပါ။ ယခုနှစ်နွေဈေးကွက်တွင် ပရီမီယာလိဂ်၌ မန်စီးတီးမှာ ဒီဘရူနီ၊ ရီဟမ်စတာလင်နှင့် အော့တမန်ဒီတို့အတွက် ပေါင်သန်း ၁၆၀ အထိ အသုံးပြုခဲ့ရာ အသုံးစရိတ်အများဆုံးအသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သွားခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်ထိပ်သီးလေးသင်းဖြစ်သော ချယ်လ်ဆီး၊အာဆင်နယ်၊ မန်စီးတီးနှင့် မန်ယူတို့၏ အသုံးစရိတ်မှာ ပရီမီယာလိဂ် စုစုပေါင်းအသုံးစရိတ်၏ ၄၀ရာခိုင်နှုန်းခန့်အထိရှိကြောင်းလည်း သိရသည်။ ပရီမီယာလိဂ်၏နောက်တွင် စီးရီးအေက ပေါင်သန်း၄၅၀ဖြင့်ဒုတိယ၊လာလီဂါက ပေါင်သန်း၄၀၀ဖြင့်တတိယ၊ ဘွန်ဒက်စ်လီဂါကပေါင်သန်း၂၉၀ဖြင့် စတုတ္ထနှင့် လီဂူး-၁က ပေါင်သန်း၂၂၀ဖြင့် ပဉ္စမနေရာတို့တွင်အသီးသီး ရပ်တည်နေသည်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကာကာပစ်မှတ်ထား

ဘရာဇီးလက်ရွေးစင်နှင့်အတူ ခြေစမ်းပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ရန်ရွေးချယ်ခံခဲ့ရသည့် ဘရာဇီးတိုက်စစ်မှူးကာကာက နောက်လတွင် ယှဉ်ပြိုင်မည့်ဘရာဇီးအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲများ၌လည်း ထပ်မံအရွေးခံရအောင် ကြိုးပမ်းသွားမည်ဟု ပြောကြားလိုက်သည်။ နည်းပြ ဒွန်ဂါ လက်ထက်တွင်လက်ရွေးစင်အသင်း၌ တစ်ကျော့ပြန် အရွေးခံခဲ့ရသည့် ကာကာက ဘရာဇီးလက်ရွေးစင်အသင်းတွင် ဝင်ရောက်ကစားခွင့်ရသည့်အချိန်တိုင်းမှာ ၎င်းအတွက် အမြဲတမ်းအဖိုးတန်နေဆဲဖြစ်ကြောင်း၊ လက်ရွေးစင်အသင်းတစ်နေရာစာအတွက် မည်သည့်အချိန်မျှ လက်လျှော့သွားမည်မဟုတ်ကြောင်းလည်း ဆိုလိုက်သည်။

ကာကာသည် ၂၀၀၆၊၂၀၀၇ကာလတွင် ဘရာဇီးအသင်း၌ ခြေစွမ်းတောက်ပခဲ့သော်လည်း ၂၀၀၉တွင် ရီးယဲလ်သို့ပြောင်းရွှေ့သွားခဲ့သည့်နောက်ပိုင်းခြေစွမ်းမပြနိုင်သဖြင့် ဘရာဇီးလက်ရွေးစင်အသင်း၌ နေရာပျောက်ခဲ့ရသူဖြစ်သည်။ ကာကာသည် လက်ရှိတွင် မေဂျာလိဂ်၌ ကစားနေပြီး ထိုလိဂ်မှလည်း၎င်းအတွက် အတွေ့အကြုံကောင်းများ များစွာရစေခဲ့သည်ဟုလည်း ပြောကြားလိုက်သည်။

အသက်(၃၃)နှစ်ရှိပြီဖြစ်သည့် ကာကာမှာ မေဂျာလိဂ်၌ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု၊ ကော်စတာရီကာတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ဘရာဇီးလက်ရွေးစင်အသင်းတွင်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ကာကာသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၀၂ကမ္ဘာ့ဖလားနှင့် ၂၀၀၉ကွန်ဖက်ဒရေးရှင်းဖလားများ ဆွတ်ခူးခဲ့သူဖြစ်သည်။




## စစ်ပွဲတစ်ခုအလား ဖြစ်ပျက်ခဲ့တဲ့ ဒီဂီယာရဲ့ အပြောင်းအရွှေ့

စက်တင်ဘာ ၁ ရက်အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းခါနီး ၂၁နာရီအလိုတွင် ပျက်ပြယ်ခဲ့ရသည့် မန်ယူဂိုးသမားဒီဂီယာရဲ့ အပြောင်းအရွှေ့ကိစ္စရပ်နှင့်ပတ်သက်ပြီး ရီးယဲလ်နှင့် မန်ယူတို့အကြား တစ်ဖက်နှင့် တစ်ဖက် ပြစ်တင်စွပ်စွဲမှုများ ပြုလုပ်ခဲ့ကြသည်။ ရီးယဲလ်ဘက်မှလည်း မန်ယူအနေဖြင့် စာရွက်စာတမ်းလိုအပ်ချက်ကို လိုသည်ထက်ပို၍ အချိန်ဆွဲလုပ်ဆောင်ခဲ့ခြင်းကြောင့် အပြောင်းအရွှေ့ကိစ္စရပ်မှာ မပြီးပြတ်ခဲ့ခြင်းဖြစ်ကြောင်းဝေဖန်ခဲ့သလို၊ မန်ယူကလည်း ရီးယဲလ်ဘက်မှ တရားဝင်ကမ်းလှမ်းချက်ပြုလုပ်စဉ်ကပင် အချိန်လင့်နေခဲ့ပြီဖြစ်ကြောင်း ပြန်လည်စွပ်စွဲခဲ့သည်။

ဒီဂီယာ၏အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရသည့် ကိစ္စရပ်အပေါ် ကျေနပ်နေသည့် ရီးယဲလ်ဂိုးသမားနာဗက်စ်တို့ မိသားစုကမူ စပိန်မီဒီယာများအနေဖြင့် ရီးယဲလ်၌ စပိန်ကစားသမား ကစားသည်ကိုသာ မြင်ချင်သောကြောင့် မလိုလားအပ်သောလှုံ့ဆော်ဖန်တီးမှုများပြုလုပ်သည်ဟု ပြစ်တင်ပြောကြားခဲ့သည်။ဒီဂီယာ၏ ရီးယဲလ်သို့ ပြောင်းရွှေ့မည့် ကိစ္စရပ်မှာ ယခုနှစ် နွေဈေးကွက် တစ်လျှောက်လုံးတွင် အလှုပ်ခတ်ဆုံးကိစ္စရပ်ဖြစ်ခဲ့သော်လည်း ဈေးကွက်ပိတ်သိမ်းသည်အထိဖြစ်မြောက်လာခဲ့ခြင်းမရှိခဲ့ဘဲ လာမည့်ဆောင်းရာသီဈေးကွက်ပြန်လည်ဖွင့်လှစ်ချိန်ရောက်မှသာ ပြန်လည်စတင်နိုင်တော့မည်ဖြစ်မည်။

ရှိုင်ယန်ဟေဒင် စုစည်းသည်

# ကမာရွတ်မြို့နယ် ဘုရင့်နောင်တာဝါ (၂)၌ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၄)ရပ်ကွက် ဘုရင့်နောင်လမ်း ဘုရင့်နောင်တာဝါ(၂) တိုက် (A) အခန်း (၂၀၂) ဒုတိယထပ်ရှိ အိမ်ရှင် ဦးတင့်ဇော်၏ အခန်းတွင် ယနေ့ ည ၈ နာရီ ၃၄ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မီးခိုးမွန်ခဲ့**

မီးလောင်ရာသို့ မီးသတ်ယာဉ် အစီး ၂၀၊ အုပ်ချုပ်မှုယာဉ် လေးစီး လာရောက်ငြိမ်းသတ်ခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုကြောင့် အခြားအခန်းတွင်နေထိုင်သော အမျိုးသမီးနှစ်ဦး မီးခိုးမွန်ခဲ့ပြီး သတိလစ်မေ့မျောခြင်း မရှိသော်လည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း မီးသတ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးလောင်မှုကို အဆင့်(၂) သတ်မှတ်ခဲ့ပြီး ည ၉ နာရီ ၂၅ မိနစ်တွင် မီးကိုထိန်းချုပ်နိုင်ခဲ့သည်။ မီးလောင်ခြင်း အကြောင်းရင်းကိုမူ အသေးစိတ် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



# အရှိန်မထိန်းနိုင်သော ကွန်တိန်နာယာဉ်တိမ်းမှောက်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၂**

အလုံမြို့နယ် ကမ္ဘောဇဘဏ်ရှေ့တွင် ဩဂုတ် ၃၁ ရက်က ကွန်တိန်နာယာဉ်တိမ်းမှောက်မှုကြောင့် ကိုယ်ပိုင်ယာဉ်နှစ်စီး ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ည ၈နာရီ ၄၅ မိနစ်ခန့်က အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ်းနားလမ်းအတိုင်း ကြည့်မြင်တိုင်မြို့နယ်မှ လမ်းမတော်မြို့နယ်သို့ ယာဉ်မောင်း သိန်းလွင် (၃၁)နှစ် ကန်သာယာကျေးရွာ ကျောက်ပန်းတောင်းမြို့နယ်နေသူ မောင်းနှင်လာသော 4B/---- NISSAN DIESEL ကုန်သေတ္တာယာဉ်သည် အလုံမြို့နယ် ကမ္ဘောဇဘဏ်ရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ရာ ကမ္ဘောဇဘဏ်ရှေ့တွင် ရပ်ထားသော ၃စ/----- HONDA FIT ယာဉ်နှင့် GT FOUR CALDINA ယာဉ်တို့၏ အပေါ်သို့ လဲကျသွားခဲ့သည်။

၎င်းယာဉ်ပိမိမှုကြောင့် ကိုယ်ပိုင်ယာဉ်နှစ်စီး ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်းအား အလုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# သံလမ်းကူးကို ဖြတ်သည့်ယာဉ် မြို့ပတ်ရထားနှင့် တိုက်မိ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှည်းတန်းဘူတာနှင့် ကမာရွတ်ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ်(၅/၁၁-၁၂) ကြားတွင် ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ရန်ကုန်ဘူတာကြီးမှ အင်းစိန်ဘူတာသို့ ထွက်ခွာလာသော အမှတ်(၄)မြို့ပတ်ရထား(အထူး)နှင့် ရွာမကျောင်းလမ်းအတိုင်း အနောက်မှအရှေ့သို့ ရထားသံလမ်းကူးကို ဖြတ်သန်းမောင်းနှင်သည့် လှိုင်မြို့နယ်နေ ထွန်းထွန်းဝင်း(၄၀)နှစ်မောင်းနှင်သော 6J/---TOYOTA WAVE ယာဉ်တို့ တိုက်မိခဲ့သဖြင့် ရထားစက်ခေါင်း၏ ဝဲဘက်လှေကား ကျိုးပဲ့ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# တရားခံပြေးဖမ်းရာမှ ရဲနှစ်ဦး သေဆုံး

**ရန်ကုန် စက်တင်ဘာ ၂**

သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်အောင်နိုင်နှင့်အဖွဲ့သည် သန်လျင်ရဲစခန်းမှ (ပ)၇၇၇/၁၄ ပြစ်မှုပုဒ်မ ၃၂၆/ကျင့် ၅၁၂ အမှုမှ တရားခံပြေး တင်မြင့် (၄၇)နှစ် ဇာမဏီဆည်အနီး ဘုရားကုန်းကျေးရွာ သန်လျင်မြို့နယ်နေသူအား စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ (၁၈) ကုန်းထိပ်ရှိ သဘာဝအလှတည်းခိုရိပ်သာ အမှတ်(၁၀၂)တွင် တည်းခိုနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ တင်မြင့်က အခန်းတွင်းမှ အရှိုး ငါးလက်မ၊ အသွား ၉ ဒသမ ၅ လက်မ ဓားဦးချွန် ဓားမြှောင်တစ်ချောင်း၊ အရိုးငါးလက်မ အသွား ကိုးလက်မရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်းတို့ကို ကိုင်ဆောင်၍ ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်ခုခံသဖြင့် နယ်ထိန်းအရာရှိ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်သူရလွင်တို့နှစ်ဦး ဓားဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တင်မြင့်အား ကျန်တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ မွန်းတည့် ၁၂ နာရီတွင် ဘုရားကုန်းကျေးရွာအုပ်စု ဂျမားလမ်းခွဲအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကျောက်စိမ်းအရိုင်းတုံးများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က ကျေးသီးမြို့နယ် ဝမ်ဝပ်ကျေးရွာအုပ်စု လွယ်ရွဲကျေးရွာအနီးတွင် လွယ်ရွဲကျေးရွာမှ မိုင်းရယ်သို့ လူနှစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန်ရပ်ခိုင်းစဉ် မောင်းနှင် ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်ပေါ်မှကျကျန်ခဲ့သည့် မြေရေခွံအိတ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၉၆ ပြားနှင့် ကျောက်စိမ်းအရိုင်းတုံး ၂၃ တုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၂၈ ရက်က မဘိမ်းမြို့နယ် ဘဟဲကျေးရွာနေ မသန်းနွယ်အေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် ဩဂုတ် ၂၉ ရက်က တောင်ကြီးမြို့ နယ်မြေ(၃)နေ အောင်ကျော်ဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ တို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ဟားခါး စက်တင်ဘာ ၂**

ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်၌ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ ဦးချန်အုပ်နေအိမ်တွင် ဦးအဲလ်ဘတ် (၄၇)နှစ်နှင့် ဦးသင်မန်း (၅၇)နှစ်တို့သည် အရက်အတူသောက်ကြရာမှ အရက်မူးလွန်ပြီး စကားများရန်ဖြစ်ကြရာ ဦးသင်မန်းက ဦးအဲလ်ဘတ်အား ဓားဖြင့်ထိုးသဖြင့် ဦးအဲလ်ဘတ်တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဟားခါးမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟားခါး(ခရိုင်ပြန်/ဆက် )**

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀)
သူရတပ်ခွဲ
(၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့
စုံညီတွေ့ဆုံပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

သူငယ်ချင်းတို့ ၉-၉-၂၀၁၅ ရက်မှ ကျရောက်မည့် (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ စုံညီတွေ့ဆုံပြီး သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း ဆက်ကပ်လှူဒါန်းရန်နှင့် ညစာမိတ်ဆုံစားပွဲပြုလုပ်ရန် အောက်ပါအတိုင်း ပြန်လည်တွေ့ဆုံကြပါစို့-

| နေပြည်တော် | | ရန်ကုန် | |
|---|---|---|---|
| ရက်စွဲ။ | ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) | ရက်စွဲ။ | ၉-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) |
| အချိန်။ | ၉း၀၀နာရီ | အချိန်။ | ၁၉း၀၀ နာရီ |
| နေရာ။ | နေပြည်တော်၊ ဘူးကွဲကျောင်းတိုက် | နေရာ။ | (၇)မိုင်၊ ကုန်းမြင့်သာစားသောက်ဆိုင် |

ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| လှမျိုးမောင်(ငမဲ) | - ဖုန်း-၀၉-၅၀၈၅၈၇၃ | စိန်လွင်(ဂျပု) | - ဖုန်း-၀၉-၃၃၂၈၁၀၃ |
| စိန်လှမောင်(ဖိုးကြမ်း) | - ဖုန်း-၀၉-၄၉၂၀၇၃၄၄ | ဟိန်းဇော်(ဓာတ်ဗူးရှိန်) | - ဖုန်း-၀၉-၈၃၀၄၀၀၄ |
| ဇော်မင်း(ဖိုးစီ) | - ဖုန်း-၀၉-၄၃၀၃၆၀၃၀ | အေးလွင်(ငပု) | - ဖုန်း-၀၉-၄၉၂၀၂၇၃၀ |

ကျော်
ရာထူးဝန်အဖွဲ့မှရာထူးများဝင်ခွင့်
ဦးစီးရွေးကောက်ပွဲကော်မရှင်နှင့်ကျန်းမာရေး
ဘာသာဗီပလိုမာ DB, DA ဝင်ခွင့်
Ph:09421042332,09420005131

STNS Travel
(၆၃)ကြိမ်မြောက်
အာဘာထွက်ပွဲ Sep 29
(အထူးနှုန်း)
အာဘာထွက်ပွဲ ပုပ္ပါး(သီးသန့်) (၂)ရက် 25000
အာဘာထွက်ပွဲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (၄)ရက် 35000
09-785066657, 09-795890797

မဟာရန်ကုန်ရဲ့ တတ္တဝေဒ သရုပ္ပ
စိစဉ်သည်
2016 CHEMISTRY
ဒုတိယ အကြိမ်
စက်တင်ဘာလဆန်း ထွက်ပြီ
"မြင့်မားတယ်၊ ခြားနားတယ်... နှိုင်းယှဉ်ကြည့်မှ သိလိမ့်မယ်"
မြန်မြန်ဝယ် မှန်မှန်ကျင့်
'သင့်' ဂုဏ်ထူးအတွက် အဆင်သင့်
ဝယ်ယူသူအားပေးကြသည့်
ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘော်ဒါများ၊ 'ဝိုင်း' သင်တန်းများ၊ Guide သင်တန်းများကို အထူးကျေးဇူးတင်ရှိအပ်ပါသည်။
ကြိုတင်မှာယူနိုင်ပြီ
ရရှိနိုင်သော စာအုပ်ဆိုင်များ
ပြည့်ဝေကျော် စာပေ(ရွှေဘုံသာလမ်း အထက်)၊ ထွန်း စာပေ(ဆူးလေဘုရားလမ်း)
အောင်အောင်စာပေ(၄၉ လမ်းနှင့် အနော်ရထာလမ်းထောင့်)၊ ရာပြည့်စာပေ(ပန်းဆိုးတန်း အထက်)
ဝင်း စာပေ(တောင်ဥက္ကလာ)၊ စာပေလောက(၇)[တောင်ဥက္ကလာ]၊ စောဦး စာပေ(သင်္ဃန်းကျွန်း)
ရွှေဥာဏ်ကျယ် စာပေ(မြောက်ဒဂုံ)
ဖြန့်ချိရေး H-2 မေခလမ်း၊ မေခအိမ်ယာ၊ သယ်န်းကျွန်း၊ ရန်ကုန်။ ဖုန်း...၀၁ ၅၇၃၄၀၁၊ ၀၉ ၅၁၄၃၁၁၆၊ ၀၉ ၅၄၀၆၅၄၆

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အသင်း**ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခု အတွက် လူအများစုပေါင်းဖွဲ့စည်းထားသည့် အသင်း၊ အသင်းခွဲ၊ အသင်းစု၊ အဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ ကလပ် နှင့် အခြားအလားတူ အဖွဲ့အစည်းတို့ကိုဆိုသည်။

(ခ) **အမှုဆောင်အဖွဲ့**ဆိုသည်မှာ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ သင်းဖွဲ့ မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် ဆုံးဖြတ်ချက်များအရ အသင်း၏မူဝါဒကို ဖြစ်စေ၊ အသင်းနှင့် အခြားအဖွဲ့အစည်းတို့ ဆက်သွယ်ရေးဆိုင်ရာ မူဝါဒကိုဖြစ်စေ သတ်မှတ်ရန်သော်လည်း ကောင်း၊ အသင်းကိုဖြစ်စေ၊ အသင်းနှင့် အခြားအဖွဲ့အစည်း၏ ဆက်သွယ်ထားမှုကိုဖြစ်စေ၊ စီမံခန့်ခွဲရန် သို့မဟုတ် ကြီးကြပ်အုပ်ချုပ် ရန် သော်လည်းကောင်း ဆောင်ရွက်သော အဖွဲ့ကိုဆိုသည်။

(ဂ) **နိုင်ငံရေးဆောင်ရွက်မှု** ဆိုသည်မှာ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အစိုးရအဖွဲ့အဆင့်ဆင့်တွင် သော်လည်းကောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများတွင်သော်လည်း ကောင်း၊ စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးချယ်တင် မြှောက်ရေး ရွေးကောက်ပွဲများတွင် သော်လည်းကောင်း၊ ရွေးကောက် တင်မြှောက်ခံ ရာထူးတစ်ခုခုတွင် သော်လည်းကောင်း ပါဝင် ဆောင်ရွက်မှုကို ဆိုသည်။

**ခြွင်းချက်။** ။သို့ရာတွင် ရွေးကောက်ပွဲများ၌ တည်ဆဲဥပဒေအရ ကိုယ်တိုင် အရွေးခံခြင်း သို့မဟုတ် မဲပေးခြင်းပြုသူကသော်လည်းကောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများအရ ခန့်အပ်ခြင်းခံရသည့်အရာထမ်း၊ အမှုထမ်းနှင့် တာဝန်လွှဲအပ်ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်များကသော်လည်းကောင်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သော ဆောင်ရွက်ချက်များသည် နိုင်ငံရေးဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်းမရှိ။

(ဃ) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုဆိုသည်။

**အခန်း(၂)**

**တားမြစ်ချက်များ**

၃။ မည်သူမျှ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအနေဖြင့် သော်လည်းကောင်း၊ အမှုဆောင်အဖွဲ့အနေဖြင့်သော်လည်းကောင်း အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးတစ်ခုခုကို ပျက်ပြား စေရန် သော်လည်းကောင်း၊ ပျက်ပြားစေမည့်အကြောင်း ဖြစ်ပေါ် စေရန်သော်လည်းကောင်း တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အကြံပေး ခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒ ဖြန့်ချိခြင်း၊

(ခ) လက်နက်ကိုင်နည်းဖြင့် နိုင်ငံရေးဆောင်ရွက်မှုပြုရန် ရှေးရှုချက် သို့မဟုတ် ကျင့်သုံးချက် တစ်ခုခုကို ပြုလုပ်ခြင်း၊ ထောက်ခံခြင်း၊ တိုက် တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မည် သည့် အာဏာရှင် နိုင်ငံရေးစနစ်ကိုမဆို ရှေးရှုရန်၊ တည်ထောင်ရန် သို့မဟုတ် ကျင့်သုံးရန် တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိ ခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ပြားစေရန် ကြံရွယ်သော သို့မဟုတ် ပျက်ပြားစေမည့်အကြောင်း ဖြစ်ပေါ်စေသော ပြုလုပ်ခြင်း၊ အကြံ ပေးခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သည့် ရဲတပ်ဖွဲ့တစ်ခုခုကိုမဆို ဖွဲ့စည်း၍ စီမံအုပ်ချုပ်သည့်စနစ်မျိုး တည်ထောင်ခြင်း၊ တည်ထောင်ရန် အားထုတ်ခြင်း၊ အကြံပေးခြင်း၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အခြေခံမူများကို ဆန့်ကျင် သည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ထောက်ခံခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

၄။ မည်သည့် အသင်း သို့မဟုတ် အမှုဆောင်အဖွဲ့မျှ ပုဒ်မ ၃ ပါ တားမြစ် ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ သော အသင်းဝင် တစ်ဦးဦးကို အရေးယူရန် ပျက်ကွက်ခြင်းမရှိစေရ။

၅။ မည်သည့် အသင်းဝင် သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်မျှ မိမိအသင်း သို့မဟုတ် အမှုဆောင်အဖွဲ့က ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိလျက်နှင့် ထိမ်ချန်ခြင်း သို့မဟုတ် အားပေး ကူညီခြင်း မပြုရ။

**အခန်း (၃)**

**ပြစ်ဒဏ်များ**

၆။ မည်သူမဆို တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအနေဖြင့် သော်လည်းကောင်း၊ အမှုဆောင်အဖွဲ့အနေဖြင့်သော်လည်းကောင်း ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **သုံးနှစ်ထက်မပိုသော** ထောင်ဒဏ်ချမှတ်ရမည်။

၇။ မည်သည့်အသင်း သို့မဟုတ် အမှုဆောင်အဖွဲ့မဆို ပုဒ်မ ၄ ပါ တားမြစ် ချက်ကို သော်လည်းကောင်း၊ မည်သည့်အသင်းဝင် သို့မဟုတ် အမှုဆောင် အဖွဲ့ဝင်မဆို ပုဒ်မ ၅ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို **သုံးနှစ်ထက်မပိုသော** ထောင်ဒဏ်ချမှတ်ရမည်။

**အခန်း(၄)**

**အထွေထွေ**

၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ရန်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်ရန်ဟောပြောခြင်းနှင့်သော် လည်းကောင်း၊ အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင် ရွက်ခြင်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၉။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် **နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်** ကို ရယူရမည်။

၁၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ခရိုင်တရားရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ စီရင်ခြင်း မပြုရ။

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။

၁၂။ ဤဥပဒေဖြင့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ် စောင့်ရှောက်ရေး အက်ဥပဒေကို ရုပ်သိမ်းလိုက်သည်။

---

# နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၇ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ** ဟုခေါ် တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **လုပ်ဆောင်မှုများ**ဆိုသည်မှာ စက်မှု၊ သုတေသနနှင့် ဆေးဘက် ဆိုင်ရာလုပ်ငန်း ရည်ရွယ်ချက်များအတွက် ဓာတ်ရောင်ခြည် ပင်ရင်းများကို ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကား ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ရောင်းဝယ်ဖောက်ကား ရန်အလို့ငှာသိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တင်သွင်းခြင်း နှင့်တင်ပို့ခြင်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို သယ်ယူ ပို့ဆောင်ခြင်း၊ အဆောက်အအုံများအတွက် မြေနေရာလေ့လာ ရွေးချယ်သတ်မှတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ လုပ်ငန်းစတင်ခြင်း၊ လည်ပတ်မောင်းနှင်ခြင်း၊ လုပ်ငန်းဖျက်သိမ်းခြင်း၊ ရေဒီယို သတ္တိကြွစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးလုပ်ဆောင်မှုများနှင့် လုပ်ငန်းတည်နေရာ ပြန်လည်ပြုပြင်ထူထောင်ခြင်းတို့ကို ဆို သည်။

(ခ) **လုပ်ငန်း** ဆိုသည်မှာ ပင်ရင်း သို့မဟုတ် ဓာတ်ရောင်ခြည်ထုတ် လွှတ်သည့် လမ်းကြောင်းများ ထပ်တိုးခြင်း သို့မဟုတ် ထပ်တိုး သည့် ဓာတ်ရောင်ခြည်ပေးရမည့် လူများအတွက် ဓာတ်ရောင်ခြည် ထုတ်လွှတ်မှုချဲ့ထွင်ခြင်း သို့မဟုတ် လက်ရှိ ပင်ရင်းများက ဓာတ်ရောင်ခြည်ထုတ်လွှတ်သည့် လမ်းကြောင်း များ၏ ကွန်ရက်များကို မွမ်းမံခြင်းကြောင့် လူအများသို့ ဓာတ်ရောင်ခြည်ထုတ်လွှတ်မှု သို့မဟုတ် ဓာတ်ရောင်ခြည်သင့်ရန် အလားအလာရှိမှု တိုးပွားခြင်း သို့မဟုတ် ဓာတ်ရောင်ခြည်သင့်ဦးရေ တိုးပွားစေသည့်လုပ်ငန်းများကိုဆိုသည်။

(ဂ) **နောက်ဆက်တွဲစာချုပ်** ဆိုသည်မှာ နျူကလီးယားလက်နက်မပြန့်ပွား ရေးစာချုပ်နှင့် ဆက်နွှယ်ပြီး မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့အကြား လက်မှတ်ရေးထိုးထားသော နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ် စောင့်ကြပ် ရေးကို ကျင့်သုံးရေးအတွက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ထပ်တိုးချုပ်ဆိုသည့် စာချုပ်ကို ဆိုသည်။

(ဃ) **လုပ်ငန်းနေရာ**ဆိုသည်မှာ နျူကလီးယား အဆောက်အအုံတစ်ခု အတွက် နိုင်ငံတော်က သတ်မှတ်ထားသော ဒီဇိုင်းသတင်းအချက် အလက်များနှင့် ကိုက်ညီမှုရှိသည့် လုပ်ငန်းရပ်ဆိုင်းထားသော အဆောက်အအုံအပါအဝင်နှင့် နျူကလီးယားဒြပ်ပစ္စည်းများအသုံး ပြုနေသည့် လုပ်ငန်းရပ်ဆိုင်းထားသော အဆောက်အအုံပြင်ပ တည်နေရာများအပါအဝင် နျူကလီးယားဒြပ်ပစ္စည်းများ အသုံးပြု နေသည့် လုပ်ငန်းလည်ပတ်မှုမရှိသော နျူကလီးယားအဆောက် အအုံအဖြစ် သတ်မှတ်ထားခြင်းမရှိသည့် သတင်းအချက်အလက် များနှင့် ကိုက်ညီမှုရှိသောနေရာကို ဆိုသည်။ ယင်းတွင်နျူကလီးယား ဒြပ်ပစ္စည်းများ မပါဝင်သော ဓာတ်ရောင်ခြည်သင့်ပြီးသော ဒြပ် ပစ္စည်းများအား သန့်စင်ရန် ပြင်းအားမြင့်ဓာတ်ရောင်ခြည် ဆိုင်ရာပစ္စည်းများကိုကိုင်တွယ်ရန် စီမံထားရှိသည့် အခန်း၊ စွန့်ပစ် ပစ္စည်းပြုပြင်ခြင်း၊ သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းဆောင်ရွက်ရန် နျူကလီးယား အဆောက်အအုံများနှင့် နောက်ဆက်တွဲစာချုပ်၏ ပုဒ်မ ၂-က(၄) ပါ နိုင်ငံတော်က အတည်ပြုသတ်မှတ်ထားသည့် ဆက်စပ်အဆောက်အအုံများပါဝင်သည့် အရေးကြီးသည့် လုပ်ငန်းဆောင်တာများ အသုံးပြုမှု သို့မဟုတ် စီမံဆောင်ရွက်မှု အတွက် အဆောက်အအုံနှင့်တည်နေရာ ပူးတွဲပါဝင်သော နျူကလီးယားစက်ရုံ အားလုံးကို ဆိုသည်။ သို့ရာတွင် လုပ်ငန်းရပ်ဆိုင်းထားသည့် အဆောက်အအုံပြင်ပ တည်နေရာ များတွင် ပြင်းအားမြင့်ဓာတ်ရောင်ခြည်ဆိုင်ရာပစ္စည်းများ ကို ကိုင်တွယ်ရန် စီမံထားရှိသည့် အခန်း၊ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများ ပြောင်းလဲခြင်း၊ ပါဝင်ကိန်းမြှင့်တင် ခြင်း၊ နျူကလီးယားလောင်စာတောင့်ပြုလုပ်ခြင်း သို့မဟုတ် သန့်စင်ခြင်းများ ပြုလုပ်သည့်နေရာများ မပါဝင်။

(င) **အဆောက်အအုံ**ဆိုသည်မှာ နျူကလီးယားအဆောက်အအုံ၊ ဓာတ်ရောင်ခြည်ပေးစက်၊ ယူရေနီယံသတ္တုတူးဖော်ခြင်းနှင့် ယင်းသတ္တုရိုင်းသန့်စင်သည့် အဆောက်အအုံ၊ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် အဆောက်အအုံနှင့် အကာအကွယ် နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် ပမာဏပေါ်မူတည်၍ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများထုတ် လုပ်ခြင်း၊ သန့်စင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင် ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းတို့ပြုလုပ်သည့် နေရာကိုဆို သည်။

(စ) **နျူကလီးယားအဆောက်အအုံ** ဆိုသည်မှာ နျူကလီးယားဒြပ် ပစ္စည်းများကို အသုံးပြု၍ လုပ်ငန်းနှင့် လုပ်ဆောင်မှုများကိုဆောင် ရွက်သည့် မည်သည့်အဆောက်အအုံကိုမဆိုနှင့် စွမ်းအင်ထုတ် နျူကလီးယားစက်ရုံ၊ သုတေသနဓာတ်ပေါင်းဖို၊ လောင်စာထုတ် လုပ်သည့်စက်ရုံ၊ အသုံးပြုပြီးလောင်စာကို သိုလှောင်သည့် အဆောက်အအုံ၊ ပါဝင်ကိန်းမြှင့်တင်သည့်စက်ရုံ၊ ပြန်လည် သန့်စင်သည့် အဆောက်အအုံတို့အပါအဝင် ဦးစီးဌာနသတ်မှတ် ထားသည့် အခြားအဆောက်အအုံကိုဆိုသည်။

(ဆ) **အဆောက်အအုံပြင်ပတည်နေရာ** ဆိုသည်မှာ နျူကလီးယားဒြပ် ပစ္စည်း အသားတင်အလေးချိန် ၁ ကီလိုဂရမ်ပမာဏ သို့မဟုတ် ယင်းထက်ငယ်သောပမာဏကို အသုံးပြုသော အဆောက်အအုံ တစ်ခုမဟုတ်သည့် ထူထောင်မှုတစ်ခု သို့မဟုတ် တည်နေရာ တစ်ခုကို ဆိုသည်။

(ဇ) **အန္တရာယ်ကင်းအဆင့်** ဆိုသည်မှာ လိုင်စင်ပေးထားသော လုပ်ငန်းများအတွင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် ရေဒီယိုသတ္တိကြွအရာဝတ္ထုများကို ဦးစီးဌာနက ဆက်လက် ထိန်းချုပ်ထားမှုမှ ဖယ်ရှားခြင်းကို ဆိုသည်။

စာမျက်နှာ ၁၆ သို့

## ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

(ဈ) **ဖျက်သိမ်းခြင်း** ဆိုသည်မှာ စွန့်ပစ်ပစ္စည်းထားရှိသည့် အဆောက်အအုံမှလွဲ၍ အခြားအဆောက်အအုံတစ်ခုခုအား လုပ်ငန်းဖျက်သိမ်းထားသည့် အခြေအနေကို အတည်ပြုခြင်းမှလွဲ၍ နည်းဥပဒေဆိုင်ရာထိန်းချုပ်မှု၏ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း ဖယ်ရှားရန်ဦးတည်သည့် အဆင့်အားလုံးကို ဆိုသည်။ ယင်းတွင် ညစ်ညမ်းမှုလျှော့ချခြင်းနှင့် စနစ်တကျဖျက်သိမ်းခြင်း လုပ်ငန်းအဆင့်ဆင့် ပါဝင်သည်။

(ည) **စွန့်ထုတ်ခြင်း** ဆိုသည်မှာ နျူကလီးယားအဆောက်အအုံများ ပုံမှန်လုပ်ငန်း လည်ပတ်နေစဉ် ထွက်ရှိလာသော အရည် သို့မဟုတ် အငွေ့အခြေတွင်ရှိသော ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများကို တရားဝင်လုပ်ငန်းတစ်ခုအနေဖြင့် စနစ်တကျစီမံဆောင်ရွက်ထားပြီး ဦးစီးဌာနက ထိန်းချုပ်မှုဖြင့် ခွင့်ပြုထားသော ကန့်သတ်ချက်ဖြင့် ပတ်ဝန်းကျင်သို့ ထုတ်လွှတ်ခြင်းကို ဆိုသည်။

(ဋ) **ကင်းလွတ်ခွင့်** ဆိုသည်မှာ ပင်ရင်း သို့မဟုတ် လုပ်ငန်းတစ်ခုမှ ဓာတ်ရောင်ခြည် ရရှိမှုပမာဏသည် အန္တရာယ်ရှိမှု သို့မဟုတ် အမှန်တကယ်ဓာတ်ရောင်ခြည်ရရှိမှု ပမာဏအပေါ် အခြေခံ၍ သတ်မှတ်ထိန်းချုပ်ရန်လိုအပ်သည့် ပမာဏအောက် အလွန်သေးငယ်သောကြောင့် ဦးစီးဌာနက ထိန်းချုပ်ရန်မလိုအပ်ဟု သတ်မှတ်ထားခြင်းကို ဆိုသည်။

(ဌ) **တင်ပို့ခြင်း** ဆိုသည်မှာ ပင်ရင်းများအပါအဝင် နျူကလီးယား သို့မဟုတ် အခြားရေဒီယို သတ္တိကြွဒြပ်ပစ္စည်းများကို တင်ပို့သည့်နိုင်ငံမှစတင်၍တင်သွင်းသည့်နိုင်ငံသို့ ရုပ်ပိုင်းဆိုင်ရာလွှဲပြောင်းခြင်းကို ဆိုသည်။

(ဍ) **တင်သွင်းခြင်း** ဆိုသည်မှာ ပင်ရင်းအပါအဝင် နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား တင်ပို့သည့်နိုင်ငံမှ တင်သွင်းသည့်နိုင်ငံ သို့မဟုတ် တင်သွင်းသည့်နိုင်ငံရှိ လက်ခံသူထံ ရုပ်ပိုင်းဆိုင်ရာ လွှဲပြောင်းခြင်းကို ဆိုသည်။

(ဎ) **အိုင်းယွန်းဖြစ်ရောင်ခြည်** ဆိုသည်မှာ ဇီဝဆိုင်ရာဒြပ်ပစ္စည်းများတွင် အိုင်းယွန်းအတွဲများ ထုတ်ပေးနိုင်စွမ်းရှိသော ဓာတ်ရောင်ခြည်ကို ဆိုသည်။

(ဏ) **လိုင်စင်** ဆိုသည်မှာ အဆောက်အအုံ သို့မဟုတ် လုပ်ဆောင်မှုနှင့် ဆက်စပ်နေသော သတ်မှတ်ထားသည့် လုပ်ငန်းများလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် တရားဝင် စာရွက်စာတမ်းကို ဆိုသည်။

(တ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ လုပ်ဆောင်မှုတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုအတွက် အထူးသဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူအဖြစ် အသိအမှတ်ပြုခံထားရပြီး ထိုလုပ်ငန်းနှင့်လုပ်ဆောင်မှုအတွက် လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရသော လက်ရှိလိုင်စင်ကိုင်ဆောင်ထားသူကို ဆိုသည်။

(ထ) **နျူကလီးယားဒြပ်ပစ္စည်း** ဆိုသည်မှာ ပလူတိုနီယံ၊ ယူရေနီယံ-၂၃၃ သို့မဟုတ် ယူရေနီယံ ပါဝင်ကိန်းမြင့်တင်ထားသည့် ယူရေနီယံ-၂၃၃ အိုင်ဆိုတုပ် သို့မဟုတ် ယူရေနီယံ-၂၃၅ အိုင်ဆိုတုပ် သို့မဟုတ် ဦးစီးဌာနက နျူကလီးယားဒြပ်ပစ္စည်းအဖြစ် အမျိုးအစားသတ်မှတ်ဆုံးဖြတ်ထားသော ဒြပ်ပစ္စည်းကို ဆိုသည်။

(ဒ) **နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး ကျင့်သုံးရန် ရည်ရွယ်ချက်အတွက် နျူကလီးယားဒြပ်ပစ္စည်း** ဆိုသည်မှာ အထူးကွဲထွက်နိုင်သော မည်သည့်ဒြပ်ပစ္စည်းကိုမဆို သို့မဟုတ် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီတို့အကြား ရေးထိုးထားသော သဘောတူညီချက်တွင် ဖော်ပြထားသည့် ပင်ရင်းဒြပ်ပစ္စည်းများကို ဆိုသည်။ ယင်းတွင် သတ္တုရိုင်း သို့မဟုတ် သတ္တုရိုင်း ကြွင်းကျန်တို့ မပါဝင်စေရ။

(ဓ) **နျူကလီးယားထိခိုက်ပျက်စီးမှုဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှု ရည်ရွယ်ချက်အတွက် နျူကလီးယားဒြပ်ပစ္စည်း** ဆိုသည်မှာ သဘာဝတွင်တွေ့ရှိနိုင်သော ယူရေနီယံနှင့်အစွမ်းလျော့ယူရေနီယံများမဟုတ်သည့် နျူကလီးယားဓာတ်ပေါင်းဖို၏ ပြင်ပ၌ ကိုယ်တိုင် ချိတ်ဆက်တုံ့ပြန်ဖြစ်စဉ်ဖြင့် နျူကလီးယားကွဲထွက်ခြင်းကိုဖြစ်စေ၍ စွမ်းအင်ထုတ်ပေးနိုင်သော ဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် အခြားဒြပ်ပစ္စည်းများနှင့်ပေါင်းစပ်ထားသည့် နျူကလီးယားလောင်စာနှင့် ရေဒီယိုသတ္တိကြွထွက်ကုန် သို့မဟုတ် စွန့်ပစ်ပစ္စည်းတို့ကို ဆိုသည်။

(န) **နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာအရေးပေါ် အခြေအနေ** ဆိုသည်မှာ နျူကလီးယား ချိတ်ဆက်တုံ့ပြန်မှုတစ်ခုကြောင့် သို့မဟုတ် ချိတ်ဆက် တုံ့ပြန်မှုတစ်ခုမှ ထွက်ရှိလာသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၏ ယိုယွင်းခြင်းမှဖြစ်ပေါ်လာသော စွမ်းအင်ကြောင့်လည်းကောင်း၊ ဓာတ်ရောင်ခြည်သင့်မှုကြောင့်လည်းကောင်း ဘေးအန္တရာယ်ဖြစ်ခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်နိုင်သည်ဟုယူဆရသော အရေးပေါ်အခြေအနေတို့ကို ဆိုသည်။

(ပ) လည်ပတ်မောင်းနှင်သူ ဆိုသည်မှာ မည်သည့်နျူကလီးယား အဆောက်အအုံ သို့မဟုတ် ပင်ရင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် နျူကလီးယား၊ ဓာတ်ရောင်ခြည်၊ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများအတွက်သော်လည်းကောင်း၊ ယင်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ရေးတို့အတွက်သော် လည်းကောင်း တာဝန်ရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်ကို လျှောက်ထားသူကို ဆိုသည်။ ယင်းတွင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လွှဲအပ်ထားသူများ သို့မဟုတ် သယ်ဆောင်သူများ၊ လိုင်စင်ရရှိသူများ၊ ဆေးရုံများ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်ဆောင်သူများ ပါဝင်သည်။

(ဖ) **ပင်ရင်း** ဆိုသည်မှာ အိုင်းယွန်းဖြစ်ရောင်ခြည်ထွက်ရှိခြင်း သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် ဒြပ်ပစ္စည်းများထုတ်လွှတ်ခြင်းဖြင့် ဓာတ်ရောင်ခြည်သင့်မှု ဖြစ်စေနိုင်သည့်အရာကို ဆိုသည်။

(ဗ) **ရေဒီယိုသတ္တိကြွပင်ရင်း** ဆိုသည်မှာ နည်းဥပဒေထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပြုမထားသည့် သေးငယ်သောထည့်သိုရာအတွင်း အသေပိတ်ထားသော သို့မဟုတ် တင်းကျပ်စွာပေါင်းစည်းထားသော အစိုင်အခဲပုံစံရှိ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ရေဒီယိုသတ္တိကြွပင်ရင်းမှ ယိုစိမ့်ခြင်း သို့မဟုတ် ကျိုးပျက်ခြင်းဖြစ်လျှင် ထုတ်လွှတ်သော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဆိုသည်။ သို့သော် စွန့်ပစ်ရန် သေးငယ်သော ထည့်သိုရာအတွင်း ထည့်သွင်းထားသော ဒြပ်ပစ္စည်း သို့မဟုတ် သုတေသနနှင့် စွမ်းအင်ထုတ် နျူကလီးယားဓာတ်ပေါင်းဖိုတို့၏ နျူကလီးယားလောင်စာ ပတ်လည်အတွင်းရှိ နျူကလီးယားဒြပ်ပစ္စည်းများ မပါဝင်။

(ဘ) **ဓာတ်ရောင်ခြည်ပင်ရင်း** ဆိုသည်မှာ ရောင်ခြည်ထုတ်စက်ကိရိယာ သို့မဟုတ် ရေဒီယိုသတ္တိကြွပင်ရင်း သို့မဟုတ် သုတေသနနှင့် စွမ်းအင်ထုတ်နျူကလီးယားဓာတ်ပေါင်းဖိုတို့၏ နျူကလီးယားလောင်စာပတ်လည်နှင့် မသက်ဆိုင်သော အခြားသောရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းတစ်ခုကို ဆိုသည်။

(မ) **ပိုင်ရှင်မဲ့ပင်ရင်း** ဆိုသည်မှာ သတ်မှတ်ထိန်းချုပ်မှုအောက်တွင် လုံးဝမရှိခဲ့ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊ ပျောက်ဆုံးခြင်း၊ အထားမှားခြင်း၊ ခိုးယူခြင်း သို့မဟုတ် လိုင်စင်မရဘဲ ရွှေ့ပြောင်းခြင်းတို့ကြောင့် သတ်မှတ်ထိန်းချုပ်မှုအောက်တွင် မရှိသော ရေဒီယိုသတ္တိကြွပင်ရင်းကို ဆိုသည်။

(ယ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့် တစ်ခု သို့မဟုတ် တစ်ခုထက်မကပိုသော အိုင်းယွန်းဖြစ် ဓာတ်ရောင်ခြည် အယ်လဖာ၊ ဘီတာ၊ နျူထရွန် အမှုန်နှင့်ဂမ္မာရောင်ခြည်များထွက်ရှိခြင်းဖြင့် အလိုအလျောက် ပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယပ်များပါဝင်သည့် အခြားရေဒီယိုသတ္တိကြွအရာဝတ္ထုများနှင့် ၎င်းတို့၏ ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲထွက်ခြင်းဖြင့်နျူကလီးယားစွမ်းအင်ထုတ်လွှတ်နိုင်စွမ်းသော ဂုဏ်သတ္တိများကြောင့် လူ၏အသက် သေဆုံးစေနိုင်ခြင်း၊ လူ၏ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းဖြစ်နိုင်သော ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် သတ်မှတ်သော သို့မဟုတ် ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဒြပ်ပစ္စည်းများ ပါဝင်သည်။

(ရ) **ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း** ဆိုသည်မှာ လုပ်ငန်းများ သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်းမှ ကျန်ရှိနေသည့် မည်သည့်ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန်မဆို ရှိပြီး ၎င်းကို ထပ်မံသုံးစွဲရန်ရည်ရွယ်ချက်မရှိသော ဒြပ်ပစ္စည်းများကို ဆိုသည်။ ယင်းတွင် သတ်မှတ်အခြေခံလိုအပ်ချက်တွင်ဖော်ပြထားသော လွတ်ကင်းခြင်းအဆင့်ထက် ရေဒီယိုသတ္တိကြွမှု သို့မဟုတ် ရေဒီယိုသတ္တိကြွမှုပြင်းအား ပိုမြင့်နေခြင်းနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်နေမှု သို့မဟုတ် ညစ်ညမ်းနေမှုနှင့် ဓာတ်ရောင်ခြည်သင့်မှုများပါဝင်သည်။

(လ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ အန္တရာယ်ရှိမှုနည်းပါးသော သို့မဟုတ် အသင့်အတင့်ရှိသောလုပ်ငန်းများ ဆောင်ရွက်ရန် တရားဝင်တာဝန်ရှိပုဂ္ဂိုလ်က အဆောက်အအုံ သို့မဟုတ် ပစ္စည်းကိရိယာတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှု အကဲဖြတ်ခြင်းအား စနစ်တကျကြိုတင်ဆောင်ရွက်ပြီး ဦးစီးဌာနသို့ တင်သွင်းရမည့် ခွင့်ပြုမိန့်တောင်းခံခြင်းကို ဆိုသည်။

(ဝ) **အသုံးပြုပြီးလောင်စာ** ဆိုသည်မှာ ဓာတ်ရောင်ခြည်သင့်ခြင်းခံရပြီးသော ဓာတ်ပေါင်းဖိုအူတိုင်မှ အပြီးအပိုင်ဖယ်ထုတ်ထားသည့် နျူကလီးယားလောင်စာကို ဆိုသည်။

(သ) **ဘေးအန္တရာယ်ကင်းရှင်းရေး** ဆိုသည်မှာ ဓာတ်ရောင်ခြည်အန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံနှင့် လုပ်ဆောင်မှုများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် လူနှင့်ပတ်ဝန်းကျင်တို့ကို ဓာတ်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ထားရှိခြင်းကို ဆိုသည်။

(ဟ) **လုံခြုံရေး** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းပါဝင်သော သို့မဟုတ် ၎င်းတို့နှင့်ဆက်စပ်အဆောက်အအုံများအား ခိုးယူခြင်း၊ အကြမ်းဖက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊ တရားမဝင်လွှဲပြောင်းခြင်း သို့မဟုတ် အခြားသော ပျက်စီးစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းများကို ကြိုတင်ကာကွယ်ခြင်း၊ ထောက်လှမ်းစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဠ) **သယ်ယူပို့ဆောင်ရေး** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် အခြားသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ရွှေ့ပြောင်းရာတွင် ဆက်စပ်ပါဝင်သည့် လုပ်ငန်းလည်ပတ်မှုများနှင့် အခြေအနေများအားလုံးကို ဆိုသည်။ ယင်းတွင် အထုပ်အပိုးများကို ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းတို့အပြင် အဆိုပါပစ္စည်းနှင့် အထုပ်အပိုးများကို ပြင်ဆင်ခြင်း၊ ကုန်ပစ္စည်းပေးပို့ခြင်း၊ ကုန်တင်ခြင်း၊ တစ်ဆင့်ခံနေရာတွင် သိုလှောင်ခြင်းအပါအဝင် သယ်ယူခြင်း၊ နောက်ဆုံးရောက်ရှိရမည့်နေရာတွင် ကုန်ချခြင်းနှင့် လက်ခံခြင်းတို့ ပါဝင်သည်။

(အ) **နျူကလီးယားထိခိုက်ပျက်စီးမှုဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှု ရည်ရွယ်ချက်အတွက် နျူကလီးယားထုထောင်မှု** ဆိုသည်မှာ ရေကြောင်းနှင့်လေကြောင်းသယ်ယူပို့ဆောင်ရေး ယာဉ်တွင် တွန်းကန်အားရရှိရန် သို့မဟုတ် အခြားသောရည်ရွယ်ချက် တစ်ခုခုအတွက် စွမ်းအားပင်ရင်းတစ်ခုအဖြစ် အသုံးပြုရန် တပ်ဆင်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုအပါအဝင် မည်သည့်နျူကလီးယားဓာတ်ပေါင်းဖိုကိုမဆို၊ နျူကလီးယားဒြပ်ပစ္စည်း ထုတ်လုပ်ရန် နျူကလီးယားလောင်စာ အသုံးပြုထားသော စက်ရုံ သို့မဟုတ် ဓာတ်ရောင်ခြည်ပေးထားသော နျူကလီးယားလောင်စာကို ပြန်လည်သန့်စင်ခြင်း လုပ်ဆောင်သော စက်ရုံများအပါအဝင် နျူကလီးယားဒြပ်ပစ္စည်းများကို သန့်စင်ခြင်း လုပ်ဆောင်နေသောစက်ရုံ၊ နျူကလီးယားဒြပ်ပစ္စည်းထည့်သွင်း သယ်ဆောင်သည့်ယာဉ်နှင့် နျူကလီးယားဒြပ်ပစ္စည်း သိုလှောင်သည့် အဆောက်အအုံတို့ကို ဆိုသည်။

(ကက) **နျူကလီးယားဓာတ်ပေါင်းဖို** ဆိုသည်မှာ နျူထရွန်ပင်ရင်း ထပ်မံမလိုအပ်ဘဲ ကိုယ်တိုင်ချိတ်ဆက်တုံ့ပြန်ဖြစ်စဉ်ဖြင့် နျူကလီးယားကွဲထွက်ခြင်းဖြစ်နိုင်သော နျူကလီးယားလောင်စာများ အစီအစဉ်တကျပါဝင်သည့် ဖွဲ့စည်းတည်ဆောက်မှုမျိုးကို ဆိုသည်။

(ခခ) **နျူကလီးယားထိခိုက်မှုများ** ဆိုသည်မှာ အသက်အန္တရာယ်ဆုံးရှုံးမှု သို့မဟုတ် တစ်ကိုယ်ရေဒဏ်ရာရမှု၊ စည်းစိမ်ဥစ္စာဆုံးရှုံးမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု၊ အဆိုပါဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ထိခိုက်ပျက်စီးမှုများကြောင့် ပေါ်ပေါက်လာမည့် စီးပွားရေးပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုများအား မူလအခြေအနေရောက်အောင် အရေးယူဆောင်ရွက်ရမည့်ကုန်ကျစရိတ်၊ သဘာဝပတ်ဝန်းကျင်အား စီးပွားဖြစ် အသုံးချခြင်း သို့မဟုတ် အခြားမည်သည့် အသုံးချခြင်းမှမဆို ရရှိမည့်ဝင်ငွေများဆုံးရှုံးမှုများ၊ ကြိုတင်ကာကွယ်အရေးယူဆောင်ရွက်ခြင်းများအတွက် ကုန်ကျစရိတ်နှင့် ထိုသို့ဆောင်ရွက်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ထပ်မံထိခိုက် ဆုံးရှုံးမှုများအတွက် ကုန်ကျစရိတ်များ၊ သဘာဝပတ်ဝန်းကျင်အား စီးပွားဖြစ် အသုံးချခြင်း သို့မဟုတ် အခြားမည်သည့် အသုံးချခြင်းမှမဆို ရရှိမည့်ဝင်ငွေများ ဆုံးရှုံးမှုများမှလွဲ၍ အခြားသော စီးပွားရေးဆုံးရှုံးမှုများကို ဆိုသည်။

(ဂဂ) နျူကလီးယားထူးခြားဖြစ်ရပ် ဆိုသည်မှာ မူလဖြစ်ရပ်တစ်ခုတည်းကနေ၍ ပေါ်ပေါက်လာသော နျူကလီးယားပျက်စီးမှုကိုဖြစ်စေသည့် ဖြစ်ပွားမှု သို့မဟုတ် ဆက်တိုက် ဖြစ်ပွားမှုမျိုး သို့မဟုတ် ကြိုတင်ကာကွယ်မှုဆိုင်ရာ အရေးပေါ်ဆောင်ရွက်ထားမှု အတိုင်းအတာကိုကျော်လွန်၍ နျူကလီးယားပျက်စီးမှု ဖြစ်စေနိုင်သည့် ပြင်းထန်စွာ ပေါ်ပေါက်လာနိုင်မည့် ခြိမ်းခြောက်မှုကို ဖန်တီးသောဖြစ်ရပ်ကို ဆိုသည်။

(ဃဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ငင) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီကို ဆိုသည်။

(စစ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဦးစီးဌာနကို ဆိုသည်။

(ဆဆ) **ဦးစီးဌာန၏ထိန်းချုပ်မှု** ဆိုသည်မှာ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ခြင်း ရည်ရွယ်ချက်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနက ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများထားရှိရာ လုပ်ငန်းနေရာအား ထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆောင်ရွက်ဆဲထိန်းချုပ်မှုများ ဖြစ်သည့် စောင့်ကြည့်ခြင်း၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊ မူလအခြေရောက်အောင် ပြန်လည်ဆောင်ရွက်ခြင်းတို့ပါဝင်ပြီး ဆောင်ရွက်ပြီးထိန်းချုပ်မှုတွင် စွန့်ပစ်ပစ္စည်းများ အပြီးတိုင်ထားရှိမည့် မြေနေရာအသုံးပြုခြင်းနှင့်ပတ်သက်သည့် ထိန်းချုပ်မှု ပါဝင်သည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နျူကလီးယားစွမ်းအင်နှင့် ယင်း၏အသုံးချမှုများအား ငြိမ်းချမ်းစွာနှင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးနိုင်ရန်၊

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတို့တွင် လူနှင့်ပတ်ဝန်းကျင်အပေါ် အိုင်းယွန်းဖြစ် ရောင်ခြည်သင့်ခြင်းအန္တရာယ်မှ ကင်းဝေးစေရန်၊

(ဂ) ဓာတ်ရောင်ခြည်ပင်ရင်းများ၊ နျူကလီးယားအဆောက်အအုံများ၊ အခြားသက်ဆိုင်သည့် နျူကလီးယားလုပ်ဆောင်မှုများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေး သေချာစေရန်၊

(ဃ) နျူကလီးယားနည်းပညာ အသုံးချမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာက လိုက်နာကျင့်သုံးလျက်ရှိသော ကတိကဝတ်များနှင့် အညီ ဆောင်ရွက်စေရန်။

**ဆက်လက်ဖော်ပြပါမည်။**

ပြည်တွင်းရေးရာ

# ဝန်ဆောင်မှုလိုအပ်သော ပြည်သူများအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး လှိုင်ကော်၌ ဖွင့်လှစ်

**လှိုင်ကော် စက်တင်ဘာ ၂**

ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shops (OSS) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်း အတွင်းတွင် ကျင်းပခဲ့သည်။

ဝန်ဆောင်မှုများလိုအပ်သော ပြည်သူများအတွက် ရှင်းလင်းလွယ်ကူ၍ အသိအမှတ်ပြုနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများပေးရန်၊ လုပ်ထုံးလုပ်နည်းနှင့် အခွန်အခများပေးသွင်းငွေများ လွယ်ကူရှင်းလင်း၍ ပွင့်လင်းမြင်သာမှု ရှိစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ထိရောက်ထက်မြက်မှုတိုးတက်စေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်ငွေကြေးသက်သာမှုရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ပြည်သူများ၏လိုအပ်ချက်ဖြစ်သော ထိတွေ့ဆက်ဆံမှုအများဆုံးဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ လူမှုဖူလုံရေး၊ ပြန်လည်နေရာချထားရေးဦးစီးဌာန စသည်တို့ဖြင့် ဖွင့်လှစ်ထားသည်။ **လှိုင်ကော်ခရိုင်(ပြန်/ဆက်)**



## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အလုပ်အမှုဆောင်အစည်းအဝေးကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် အလုပ်အမှုဆောင်များက လုပ်ငန်းလည်ပတ်ပုံအဆင့်ဆင့်နှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍အသင်းအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ဆောင်းပါးရှင် ဦးကျော်ညွန့်ရည်၊ ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေမိသားစု)က အလှူငွေကျပ်နှစ်သိန်းနှင့် ဦးတင်မောင်လတ် စာတည်း(ငြိမ်း) မြန်မာ့သတင်းစဉ်(ပြည်တွင်း)၊ ဒေါ်စုစုလတ်မိသားစုက အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းခဲ့ပြီး အသင်းမှ ဩဂုတ် ၂၃ ရက်တွင် ကွယ်လွန်ခဲ့သော ဦးစောဦး မြန်မာ့အလင်းပုံနှိပ်တိုက်(ငြိမ်း)မိသားစုအား ထောက်ပံ့ငွေ ကျပ်တစ်သိန်း ပေးအပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ၊ ကြေးမုံသတင်းစာတိုက်စာတည်းမှူးချုပ်၊ အသင်းအလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးသန်း(စိန်တုံးကြီး)**



# ရေစကြိုမြို့နယ် နေရာအချို့တွင် မိုးစပါးများ စိုက်ပျိုးပြီးစီး

**ရေစကြို စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးမှုကို ရေရရှိရေးနည်းလမ်းခြောက်သွယ်ဖြင့် စိုက်ပျိုးလျက်ရှိရာ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ဝါယာကွင်း၌ မိုးစပါးများ စိုက်ပျိုးထားကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၃၀၇၇၆ ဧက လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသော်လည်း ယခုနှစ်မြစ်ရေဝင်ရောက်မှုမှာ ယခင်နှစ်ထက် နုန်းအနယ်များပို့ကျမှု ပိုမိုများလာသဖြင့် ကျွန်းပိုင်းဒေသ အနိမ့်ပိုင်းတွင် နုန်းထုမှာပိုမိုထူလာကာ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် အခက်အခဲများရှိကြောင်း ယင်းဒေသမှ စိုက်ပျိုးသူလယ်သမားများက ပြောသည်။

ဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်ရေ၊ ဆည်ငယ်ကန်ငယ်ရေ၊ မြေအောက်ရေ၊ ရေစုပ်စက်ရေတို့ဖြင့် စိုက်ပျိုးရန်လျာထားသော စိုက်ဧကများ အပြည့်အဝစိုက်ပျိုးနိုင်သော်လည်း မြစ်ရေဝင်ဒေသတွင် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် အခက်အခဲရှိ၍ တစ်မြို့နယ်လုံး စပါးစိုက်ပျိုးမှု လျော့ကျဖွယ်ရှိကြောင်း အဆိုပါဒေသခံလယ်သမားများက သုံးသပ်ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## လှိုင်သာယာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်မြို့ လှိုင်သာယာမြို့ စက်မှုဇုန်များ၏ စက်ရုံ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့်လက်တွေ့မီးငြိမ်းသတ် သရုပ်ပြပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက စက်မှုဇုန်(၁) ကနောင်ခန်းမ၌ ကျင်းပသည်။

မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ စက်မှုဇုန်ကော်မတီအတွင်းရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဦးတို့က နှစ်စဉ်မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရာများနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများကို ရှင်းလင်းဟောပြော၍ တက်ရောက်လာသည့် စက်မှုဇုန် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၆)၊ (၇) ဇုန်များမှ စက်ရုံ အလုပ်ရုံတာဝန်ရှိသူ ၃၀၀ ကျော်တို့က မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၃၂၉)

# သံကူကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းမကြီး အရှည်ပေ ၄၀၀၀ ခန့်ကို အကျယ်ပေ ၄၀၊ ထု ၉ လက်မ ဖြင့် သံကူကွန်ကရစ်လမ်းခင်းလျက်ရှိရာ ဩဂုတ် ၃၀ ရက်ထိ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မဟာသုခိတာလမ်းမကြီးက အင်းစိန်လမ်းမကြီးနဲ့ ပြည်လမ်းမကို ဆက်သွယ်တဲ့ ဖြတ်လမ်းဖြစ်တာကြောင့် ယာဉ်ကြောကြပ်တာကိုလည်း အထိုက်အလျောက် အဆင်ပြေစေမှာဖြစ်ပါတယ်” ဟုတာဝန်ခံ အင်ဂျင်နီယာက ပြောသည်။

“မန္တလေးဘုန်းတော်ကြီးကျောင်းနဲ့ စွန်းလွန်းဝိပဿနာကျောင်း၊ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွေရဲ့ရှေ့မှာ မိုးရွာလာတာနဲ့ လမ်းရေကျော်တော့တာပဲ။ လမ်းပေါ်ကို နှစ်ပေခွဲ၊ သုံးပေလောက် ရေအမြင့်ဖြစ်နေတော့ ကားတွေ၊ လူတွေ သွားမရတော့ အဆင်မပြေဘူးပေါ့။ အခုတော့ သွားလမ်းသာလို့ လာလမ်းဖြောင့်တဲ့အတွက် ကျေးဇူးတင်ဝမ်းသာပါတယ်” ဟု ရပ်ကွက်အတွင်းမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

(၅၉၇)


Just Trust *Must* ယုံမှတ်လိုက်ပါ *Must* ကိုသာ

ဦးကြည်မိုးသောင်း(ဆေးတက္ကသိုလ်) M.A.(English),Dip.ELTM ၏

၁။ **မှန်းကြည့်ကြည့် – ရဲဆေးတစ်ခွက်**

အဘိဓာန်အားကိုးစရာမလိုတဲ့ အင်္ဂလိပ်စာဖတ်နည်းနှင့် အချိန်တိုအတွင်း ဝေါဟာရအသစ်များစွာ တိုးပွားစေနိုင်သည့်နည်းလမ်းများ။ ယခုအခါ စာဖတ်သူများ စိတ်ဝင်တစား ဝယ်ယူအားပေးနေတဲ့စာအုပ်။

ဒုတိယအကြိမ်။ ၃၅၀၀ိ။ **LOWER PRICE, BIGGER SIZE, BETTER QUALITY**

၂။ ပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် ဒီပလိုမာဝင်ခွင့်ဖြေဆိုမည့် ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာပညာရှင်အားလုံးအတွက် မရှိမဖြစ်နှင့် အရောင်းရဆုံး စာအုပ် ၂-အုပ်။

(1) **MEDICAL ENGLISH Practice Tests & Advice on How to Approach the Medical English Entrance Examination** ဒုတိယအကြိမ်။ ၅၀၀၀ိ။

(2) **TRIED & TRUSTED English Practice Tests for the Medical English Entrance Examination.** ဒုတိယအကြိမ်။ ၆၅၀၀ိ။

၃။ မြန်မာလူငယ်များ ကမ္ဘာ့လူငယ်များနှင့်ပခုံးချင်းယှဉ်ပြီး တွေးနိုင်၊ ရေးနိုင်၊ ပြောနိုင်၊ ဖတ်နိုင်ဖို့အတွက်နဲ့အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့အမြင်ကို ပြောင်းလဲပေးဖို့ ရည်ရွယ်တဲ့စာအုပ်။

**READING FOR PLEASURE (GLOBAL ISSUES)**

2-colour print, creamy paper ၂၀၀၀ိ။

၄။ မဖတ်မဖြစ်မဟုတ်ပါဘူး။ ရသစာပေမွတ်သိပ်နေသူတွေအတွက်ပါ . . .
ကိုယ်နင်းလာတဲ့ စက်ဘီးကလေးရဲ့ ကယ်ရီယာပေါ်မှာ ထိုင်လိုက်လာတဲ့ အမျိုးသမီးကလေးတစ်ယောက်ကို ချစ်မိလိုက်တာ

**သေချိန်အထိပါ... သေချိန်အထိနော** ဝတ္ထုတို (၉)ပုဒ် ၁၀၀၀ိ။

*Must* မှ ထုတ်ဝေသောစာအုပ်များကို အောက်ဖော်ပြပါ စာပေမိတ်ဆွေဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

ရန်ကုန် (1) TAB BOOK နှင့် နဂါးနီစာအုပ်ဆိုင်အားလုံး (2) အင်းဝ(၁)(၂) (3) စာပေဗိမာန် (ကုန်သည်လမ်း) (4) စာပေနန်းတော် (5) ရာပြည့်(ပန်းဆိုးတန်း) (6) အရုဏ်သစ်(ဗိုလ်ချုပ်လမ်း) (7) ခေတ်သစ် (မဟာဗန္ဓုလ) (8) ဝါးတန်း Medical Books (9) Gold Medical Books (10) *Must* English Language Centre

မန္တလေး (1) မမေဇွန်(ကိုယ်စားလှယ်) 09 253050918 (2) သက်ဝေစိုးစာပေ (3) DN 30

ပြည် (1) ဦးဇော်မျိုးသက် (ကိုယ်စားလှယ်) 09 252362313 (2) ‘သရေခေတ္တရာ’ပန်းချီပြခန်းနှင့် အမှတ်တရပစ္စည်းဆိုင်

*Must* PUBLISHING HOUSE
၃၂(အေ)၊ ဒုတိယထပ်၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
09 504 3424, 09 731 52995, 09 730 99562

* ကြော်ငြာနှင့်အခြားဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းရောင်းချသူများ ဖုန်းဆက်ခြင်းသည်းခံပါ။



79 HomeBuilder

**Steel Structure (သံထည်) ဖြင့် ဆောက်လုပ်မည့် လုပ်ငန်းရှင်များအတွက် သတင်းကောင်း**

လူကြီးမင်းတို့ဆောက်လုပ်မည့် Steel Structure (သံထည်) အဆောက်အအုံ၊ ဂိုဒေါင်၊ Showroom နှင့် Workshop များအား

- အဆောက်အအုံပုံစံရေးဆွဲပေးခြင်း (2D/3D Design) နှင့် ကုန်ကျစရိတ် တွက်ချက်ပေးခြင်း (Estimating)
- အဆောက်အအုံ ခံနိုင်ရည်တွက်ချက် ပေးခြင်း (Structure)
- Y.C.D.C ပါမစ် ခွင့်ပြုမိန့် ဆောင်ရွက်ပေးခြင်း (S.E.C/ L.C/ L.S)
- Pre-Engineered Steel Building များ တပ်ဆင်ပေးခြင်း ကိုလဲ ဆောင်ရွက်ပေးပါသည်။
- Steel Structure & Civil Work ကို Materials Labours ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ် ပါသည်။


P.A.E (1 –Sqft) = (12000/-~15000/-) Kyats (Materials & Labours )

- အကြီးတန်းလိုင်စင်ရကန်ထရိုက်တာ (L.C) နှင့် အကြီးတန်းလိုင်စင်ရအင်ဂျင်နီယာ (L.S)၊ လိုင်စင်ရ အဆောက်အအုံအင်ဂျင်နီယာ (S.E.C) တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။
- Office - အမှတ် (၅၀၇/က)၊ ပေဗယန္တာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
- Workshop - အမှတ် (၈၁)၊ ရာဇသင်္ကြန်လမ်း၊ အလတ်စားစက်မှုဇုန်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
- Phone - 09-5120750, 09-8625750, 09-73085551, 09-73085552
- Email - 79builder@gmail.com, Website - 79homebuilder.com





အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ရွှေတောင်လုံချည်အစိမ်းရင့်၊ သက္ကလတ် အပေါ်အင်္ကျီ အညိုရောင်တို့ကို သပ်ရပ်စွာဝတ်ထားသည့် သက်ခိုင်ကို ပြုံးပြုံးအေးအေး ကြည့်ပြီး တိုးညှင်းပျော့ပျောင်းစွာ ဆိုသည်။

"နွယ်က မောင်သက်ခိုင်ကို ပြောထားနှင့်လို့သာ ဒေါ်ဒေါ်က သိတာ၊ နို့မို့ မှတ်မိမှာ မဟုတ်ဘူး၊ ဒါပေမယ့် သေသေချာချာ ကြည့်ပြန်တော့လည်းလူကလေးမျက်နှာက နွယ်နဲ့လည်း ဆင်တာပဲ၊ သက်သက်နဲ့လည်းတူတာပဲ၊ လူကလေးကထွားတော့ နွယ်ကညီမ၊ လူကလေးက အစ်ကို ဖြစ်နေသလိုပဲ၊ နော်. . မဟုတ်ဘူးလား သမီးရယ်"

နွယ်နှင့်သက်ခိုင်သည် ပြုံးရုံပြုံးနေကြ၏။

"ဩော်. . လူကလေး၊ မင့်အမေ သက်သက်ကော ဘယ်မှာလဲ"

"ပြည်မှာပါပဲ ဒေါ်ဒေါ်၊ ပြည်ဆံတော်ဈေးမှာ ထမင်းဆိုင်ဖွင့်ထားပါတယ်"

"နို့. . လူလေး ဖေဖေကော"

သက်ခိုင်၏မျက်နှာသည် မသိမသာ ညိုသွား၏။

"ဖေဖေမရှိတော့ပါဘူး ဒေါ်ဒေါ်"

မလေးနွယ်သည် ပါးစပ်ကလေး ဟကာ သက်ခိုင်ကို ကြည့်၏။ဒေါ်အေးသန့်မှာလည်း အံ့အားသင့်စွာ သက်ခိုင်ကို ကြည့်သည်။ သက်ခိုင်ကသာ တည်ငြိမ်စွာ ဆက်ပြောပြ၏။

"ဖေဖေက ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) မှာဗိုလ်အဖြစ်နဲ့အမှုထမ်းခဲ့တယ်၊ ဂျပန်တော်လှန်ရေးမှာ ဗိုလ်မှူးလေးဘဝနဲ့ စစ်တောင်းမှာ ကျသွားခဲ့တယ်"

သက်ခိုင်သည် ဤမျှသာပြောပြီးနံရံထက်မှ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို ငေးကြည့်နေ၏။

သုံးဦးလုံး စကားဆက်မပြောနိုင်ဘဲ ငိုင်နေကြ၏။

မလေးနွယ်က အရင်လှုပ်ရှားလာပြီး-

"မောင်. . သံပရာဖျော်ရည်သောက်လေ. . ရော့"

မလေးနွယ်ကမ်းပေးသော သံပရာဖျော်ရည်ခွက်ကို သက်ခိုင်က လှမ်းယူလိုက်၏။ ကျန်ခွက်ကိုယူကာ မလေးနွယ်ကလည်း သောက်သည်။

"အဲဒီ ပီယာနိုကြီးဘယ်သူတီးသလဲ မမနွယ်"

"မမနွယ်တီးတာပေါ့၊ မောင်ကောပီယာနို မတီးတတ်ဘူးလား"

ထိန်းလျက်ကြားမှ သက်ခိုင်သည် ပြုံးမိသွား၏။

"ငယ်ငယ်တုန်းက စက်ဘီးမစီးတတ်တဲ့ မောင်က ကြီးတော့လည်း ဘယ်ပီယာနိုတီးတတ်ပါ့မလဲ မမနွယ်၊ ဒါပေမယ့် မောင်တယောတော့ တီးတတ်ပါတယ်"

နွယ်နှင့်သက်ခိုင်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ငြိမ်နေကြ၏။

ဒေါ်အေးသန့်က နေရာမှထသည်။

"လူကလေးနဲ့နွယ် ဆက်စကားပြောနေကြဦးပေါ့၊ ဒေါ်ဒေါ် မီးဖိုထဲဝင်စီမံလိုက်ဦးမယ်၊ ဩော်. . . လူကလေးရေ. . ထမင်းစားပြီးမှ ပြန်ရမယ်နော်. . ဟုတ်လား"

သက်ခိုင်က မလေးနွယ်ကို လှမ်းကြည့်သည်။ မလေးနွယ်က တမင်ဟန်လုပ်ကာ မျက်မှောင်ကြုတ်၍ နှုတ်ခမ်းစူပြထားသည်။

သက်ခိုင်သည် ပြုံးလိုက်ပြီး ဒေါ်အေးသန့်ဘက် လှည့်ကြည့်၍ ဖြေ၏။

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်. . ကျွန်တော်ထမင်းစားပြီးမှ ပြန်ပါ့မယ်"

ဒေါ်အေးသန့်ထွက်သွား၍ နှစ်ဦးတည်းကျန်သောအခါ မလေးနွယ်ကမေးသည်။

"မောင် ပီယာနို နားထောင်မလား၊ မမနွယ်တီးပြမယ်"

သက်ခိုင်က ခေါင်းခါပြ၏ ။

"တစ်နေ့ကျမှ တီးပြပါ မမနွယ်၊ အဲဒီအခါကျတော့ မောင်လည်း မောင့်တယောကို ယူလာခဲ့မယ်၊ အခုနေတော့ မမနွယ်ကို မောင် ဒန်းလွှဲပေးချင်တယ်၊ ခက်တာက ရန်ကုန်ဟာ ပင်းချောင်း မဟုတ်တော့ ဒန်းလည်းရှိမှာ မဟုတ်ဘူး"

မလေးနွယ်သည် နေရာမှ မြူးရွှင်စွာ ခုန်ထလိုက်၏။

"မောင့်စကားအတိုင်းပဲနော် . . . မောင် တကယ် ဒန်းလွှဲပေးဦးမလား၊ လာခဲ့ လာခဲ့. . ခြံထဲမှာ ဒန်းရှိတယ်"

မလေးနွယ်က အိမ်ပြင်သို့ ပြေးထွက်သွား၏။ သက်ခိုင်ကလည်း ပြေးလိုက်သွား၏။

ခြံအတွင်း၌ အမှန်ပင် ဒန်းတစ်ခုရှိနေ၏။ သံတိုင်နှင့် သံတန်းတွင် သံချိန်းကြိုးတပ်၍ ဆင်ထားသောဒန်းဖြစ်၏။

ဒန်းအနီးသို့ ရောက်သောအခါ သက်ခိုင်က မေး၏။

"မမနွယ်တို့ အိမ်မှာ ကလေးရှိလို့ ဒီဒန်းထားတာလား"

"မဟုတ်ဘူး၊ အရင် ဒီအိမ်မှာ နေတဲ့ တရားဝန်ကြီးက ကလေးတွေရှိလို့ လုပ်ထားခဲ့တာ"

မလေးနွယ်သည် ဒန်းပေါ်၌ ထိုင်လိုက်ပြီးပြုံးပြုံးကလေး လှမ်းကြည့်၏။

သက်ခိုင်သည် ခေတ္တတွေနေပြီးနောက် ရယ်မောကာ ဒန်းကို လွှဲပေး၏။

သက်ခိုင်က သူ့အရွယ်ကို မေ့သွား၏။ မလေးနွယ်ကလည်း ထိုနည်းအတူရှိမည်။

ဒန်းကို လွှဲပေးသူက လွှဲပေးနေသည်။ စီးသူကလည်း စီးနေ၏။

ကိုယ့်ကိစ္စ၌ကိုယ် အာရုံဝင်စားနေသည် ဖြစ်ကြလေသောကြောင့်ခြံတွင်းသို့ ကောင်ဆယ်(လ်)အမျိုးအစားကား တစ်စီးဝင်လာသည်ကို သတိမမူမိကြ။

ကားသည် ဆင်ဝင်အောက်၌ ရပ်လိုက်သည်။ ကားပေါ်မှ ဦးထင်ကျော်နှင့်အတူ အသက်အစိတ်ခန့် လူရွယ်တစ်ဦး ဆင်းလာကြ၏။

ဦးထင်ကျော်သည် ဒန်းပေါ်မှ မလေးနွယ်နှင့် ဒန်းကို လွှဲပေးနေသော သက်ခိုင်တို့အား မြင်လိုက်ရသောကြောင့် မျက်မှောင်ကြီးကြုတ်ကာ မျက်နှာကြီးအိုသွား၏။ သို့ရာတွင် အချိန်မီပင် ဒေါ်အေးသန့်ထွက်လာ၏။

"မအေးသန့်. . . နွယ့်ကို ဒန်းလွှဲပေးနေတာ ဘယ်သူလဲ"

"ဩော်. . . ရှင့်တူလေ. . သက်သက်သား မောင်သက်ခိုင်ရယ်"

ဦးထင်ကျော်၏ မျက်နှာသည် စက္ကန့်ပိုင်းအတွင်း အမျိုးမျိုးပြောင်းလဲသွား၏။ နောက်ဆုံး၌မူ ပြုံးရွှင်ပြီး မေး၏။

"ငါ့တူ သက်ခိုင် . . . ဟုတ်လား . . . မအေးသန့်၊ သူက ဘယ်က ရောက်လာတာလဲ"

"နွယ်က ပြောတော့ သူလည်း ကောလိပ်ရောက်နေသတဲ့ရှင်၊ အခုညနေ နွယ်နဲ့ပါလာတာပဲ"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


Yangon University of Distance Education
YUDE

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန-ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့်
KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် Diploma သင်တန်းများ

KMD

• Diploma in Web Development • Diploma in Network Communication

- တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများတက်ရောက်နိုင်ပါသည်။
- သင်တန်းကာလမှာ(၉)လကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက ပညာရေး ဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သောဒီပလိုမာအောင်လက်မှတ် ရရှိပါမည်။
- Microsoft မှစစ်ဆေးသော 70-410 နှင့် 70-461 စာမေးပွဲများဖြေဆိုနိုင်သည်အထိသင်ကြားပေးပါမည်။
- လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် OJT သင်တန်းကိုဆက်လက်တက်ရောက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိပါမည်။
- ကျောင်းသား/သူဟောင်းများ၊အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများရယူနိုင်ပါသည်။

သင်တန်းဖွင့်လှစ်မည့်ရက်
စက်တင်ဘာလ (၁၈)ရက်၊ ၂၀၁၅
ရန်ကုန်အဝေးသင်တက္ကသိုလ်ဝန်း၊သထုံလမ်း၊ကမာရွတ်။

Diploma → Second Year Computing Diploma → B.Sc (Hons) Business information Technology (BIT)

☎ - ဆက်သွယ်ရန်ဖုန်း- ၀၉-၈၃၀၃၇၇၅ ၊ ၀၁- ၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၅၀၂၂၃၃၊ ၃၈၅၈၇၇၊ ၅၄၁၃၂၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅၊ ၆၆၀၈၈၇၊ ၅၀၅၁၉၉။




## စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ပြိုင်ပွဲသို့ တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံးယှဉ်ပြိုင်နေမှုကို ရခိုင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ပေးထားသည့် ခေါင်းစဉ်များဖြစ်သည့် 'လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်'၊ 'လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့'၊ 'လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့'၊ 'ခေတ်သစ်ကျေးကျွန်စနစ် တိုက်ဖျက်ပစ်' စသည့် ခေါင်းစဉ်များမှ နှစ်သက်ရာခေါင်းစဉ်တစ်ခုဖြင့် ရေးသားယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲမှ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၁၃ ရက်တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပမည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း (ပြန်/ဆက်)**

## ပို့ကုန် နှင့် သွင်းကုန်ကဏ္ဍများ မြင့်တက်လာရေး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၂**



ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်ပနိုင်ငံသို့တင်ပို့မည့် ငါးသယ်(ဝါလပ်) လှေများနှင့် ပြည်မသို့ထွက်ခွာမည့် ကုန်တင်သင်္ဘောကြီးများအား ပါချန်ပင်လယ်ဝတွင် ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများအဖြစ် ကုန်သွယ်ရေးစခန်း (ကော့သောင်း) Mobile Team အဖွဲ့သည် မြိတ်မြို့နှင့် ကော့သောင်းမြို့တို့မှ ဖမ်းဆီးရရှိပြီး ထိုင်းနိုင်ငံသို့တင်ပို့မည့် ပင်လယ်ရေထွက်ပစ္စည်းများ တင်ဆောင်လာသည့် ငါးသယ် (ဝါလပ်)လှေများအား တင်ပို့မည့် ငါးသယံဇာတများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်အခများ ပေးသွင်းမှုအထောက်အထားများ၊ တင်ဆောင်လာသည့် ငါးအမျိုးအစားနှင့် ကုန်ချိန်မှန်ကန်ကိုက်ညီမှုရှိ-မရှိ၊ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းပြီး ပြည်မသို့ထွက်ခွာမည့်သင်္ဘောကြီးများအပေါ် ကန့်သတ်တားမြစ်ကုန်ပစ္စည်း တင်ဆောင်မှုရှိ-မရှိတို့ကို ကွင်းဆင်းကြပ်မတ်စစ်ဆေးဆောင်ရွက်ခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## အင်းဝမြို့ဟောင်း၌ ညောင်ရမ်းခေတ်ဘုရားများ တစုတဝေးတည်း လေ့လာနိုင်

**တံတားဦး စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ရှေးဟောင်းစေတီပုထိုးများ နေရာအနှံ့အပြား၌ တည်ရှိလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း ဗားကရာကျောင်းအနောက်ဘက်တွင် ညောင်ရမ်းခေတ်ဘုရားများအား တစုတဝေးတည်း လေ့လာနိုင်သည်။

"ဒီညောင်ရမ်းခေတ်ဘုရားတွေရဲ့ တည်ဆောက်ပုံလက်ရာကထူးခြားတယ်။ လာရောက်လေ့လာသူအတွက် ထူးခြားမှုပေးစွမ်းနိုင်တယ်။ တစုတဝေးတည်းတည်ရှိနေတော့ လာရောက်လေ့လာရတာ အဆင်ပြေတာပေါ့။ ခေတ်တစ်ခေတ်ရဲ့ ထူးခြားတဲ့ဗိသုကာတည်ဆောက်ပုံတွေ လေ့လာနိုင်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ရှေးဘုရင်မင်းများထီးနန်းစိုးစံခဲ့သော အင်းဝမြို့ရှိ ညောင်ရမ်းခေတ်ဘုရားများမှာ ကိုးဆူတန်းဘုရားစု၊ ကြောင်လိန်ဘုရား၊ မြင့်မိုရ်တောင်ဘုရားနှင့် စူဠာမဏိဘုရား၊ ဝက်ပါဘုရား၊ လောကဒုသမာန်အောင်ဘုရားတို့ဖြစ်သည်။

ကြောင်လိန်ဟု အရပ်အခေါ်ရှိသော စေတီတွင် ကမ္ပည်းကျောက်စာပျက်နေသဖြင့် '----သာမာရ်အောင်'ဟု သာဖတ်၍ရကြောင်း သိရသည်။ ကြောင်လိန်နှင့် ဝက်ပါဘုရားတို့ကို တနင်္ဂနွေမင်းက တည်ထားခဲ့ကြောင်း သိရသည်။ တနင်္ဂနွေမင်းတည်ခဲ့သောဘုရားများတွင် 'မာရ်အောင်' အမည်တပ်သည်မှာ မှတ်သားဖွယ်ရာဖြစ်သည်။ တနင်္ဂနွေမင်းကောင်းမှု မာရ်အောင်ဘွဲ့တပ်စေတီတို့မှာ ဇိနမာရ်အောင်၊ လောကစတုသမာရ်အောင်၊ တိသမာရ်အောင်၊ ငါးမာရ်အောင်နှင့် လောကမာရ်အောင်တို့ဖြစ်သည်။

ဆလင်ဒါပုံပေါ်တွင် စေတီတည်ထားသော မြင့်မိုရ်တောင်ဘုရားကို မဟာဓမ္မရာဇာဓိပတိမင်း၏ ခမည်းတော် တနင်္ဂနွေမင်းသချိုင်းရာ၌ တည်ထားခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## စိုက်ပျိုးစရိတ် ၄၉၈၅၄ သိန်း ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန်လဆန်းမှစ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိပြီးသော တောင်သူများအား လယ်တစ်ဧကတစ်သိန်းနှုန်း၊ ယာတစ်ဧကနှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ချေးငွေထုတ်ချေးရာတွင် မြို့နယ်အတွင်း ချေးငွေအုပ်စု ၇၄ အုပ်စုမှ တောင်သူများအား သုံးဦးတစ်ဖွဲ့စီဖြင့် အဖွဲ့ပေါင်း ၆၅၃၂ ဖွဲ့၊ တောင်သူ ၁၉၀၀၅ ဦးတို့၏ လယ်ယာမြေ ၆၁၆၀၂ ဧကအတွက် ထုတ်ချေးငွေကျပ် ၄၉၈၅၄ သိန်းအား ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ပြောကြားခဲ့သည်။ **နိုင်ဝင်း**






# ရေဘေးသင့်ပြည်သူများအားလှူဒါန်းရန် ကာတွန်းလက်ရာနှင့်တီရှပ်များအရောင်းပြပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ကာတွန်းပညာရှင်များပူးပေါင်း၍ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်ပြီး ကာတွန်းပညာဖြင့် တီရှပ်အရောင်းပြပွဲကျင်းပကာ ရောင်းချ၍ရရှိသောငွေကြေးများကို ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ လှူဒါန်းသွားမည်ဖြစ်ကြောင်း ကာတွန်းဆရာပစ်တိုင်းထောင်က ပြောသည်။

မကွေးမြို့ ကပ်ကျောင်းတိုက်ဆရာတော် ဦးသဇ္ဇနဦးစီး၍ ဒေသခံကာတွန်းပညာရှင်များ၏ဖိတ်ခေါ်ချက်အရ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကာတွန်းဆရာ ပစ်တိုင်းထောင်၊ ကျော်ကိုကို၊ ရွှေရိုး၊ အောင်ချမ်းမြေ့ (မင်းဘူး)၊ ကျော်ဆူး၊ ကိုမောက်ကြီး၊ မထိပ်ထားလေးနှင့် ကာတွန်း AK၊ အောင်ဇေယျတုတို့က ကာတွန်းဒါနပြု ကူညီကြသည်။

"ကျွန်တော်တို့က ရေဘေးပြည်သူတွေ ပြန်လည်ထူထောင်နိုင်ဖို့ လုပ်အားဒါနနဲ့ ကူညီတာဖြစ်တယ်။ ဒီနေ့က မကွေးမြို့အတွင်းကို ကူညီနိုင်အောင် နယ်ခံတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြတယ်။ အခုလ တစ်လလုံးအလုပ်များပြီး မအားကြဘူး။ ရန်ကုန်၊ ဧရာဝတီ၊ မကွေး၊ မင်းဘူးတွေကိုသွားပြီး လုပ်အားဒါနပြုကြတယ်။ အထူးသဖြင့် ပညာရေးအတွက် စာသင်ကျောင်းတွေကို ပညာရေးဦးစားပေးလှူတယ်။ ပုသိမ် ကန်ကြီးထောင့်နဲ့ နယ်မြို့တွေက ဆရာ၊ ဆရာမတွေနဲ့ ဆက်သွယ်လှူတယ်။ ရန်ကုန်မှာကျပ်သိန်းသုံးရာကျော်ရတယ်။ ရန်ကုန်မှာ တီရှပ်တစ်ထည် ၅၀၀၀ ကျပ်ရောင်းတယ်။ နယ်မြို့တွေကို ဈေးနှုန်းချိုသာစွာနဲ့ ၃၀၀၀ ကျပ်နဲ့ပဲ ရောင်းချပေးတယ်။ ရခိုင်ဘက်တော့ မရောက်ဘူး။ ဖိတ်ခေါ်တဲ့အဆက်လည်းမရှိတော့ မသွားဖြစ်ပါဘူး"ဟု ကာတွန်းဆရာပစ်တိုင်းထောင်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ ကာတွန်းပညာရှင်များပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တီရှပ်အင်္ကျီများအတွက် လှူဒါန်းပေးတဲ့စပွန်ဆာမရှိသဖြင့် မိမိတို့ထဲမှ စိုက်ထုတ်ဝယ်ရကြောင်း၊ ကာတွန်းဆွဲပြီးရောင်းချ၍ ရရှိလာသော အမြတ်ငွေများအားလုံးကို ပြန်လည်လှူဒါန်းမည်ဖြစ်ကြောင်း၊ မကွေးမြို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံများက ကီလိုကယ်ချာကာတွန်းများကို စိတ်ဝင်စားမှုပိုများကြောင်း မကွေးဒေသခံကာတွန်း AK ထံမှ သိရသည်။

**ဇွဲထက်ရှင်**

# အမရပူရတွင် မိုးစပါး ဧက ၁၂၃၈၀ စိုက်ပျိုးရန်လျာထားပြီး စိုက်ပျိုးမှုများစတင်



**အမရပူရ စက်တင်ဘာ ၂**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးသောနိုင်ငံဖြစ်သောကြောင့် ဆန်စပါးစိုက်ပျိုးခြင်းသည် နိုင်ငံတော်အတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသည်။ ယခုအခါ မိုးစပါးများ စိုက်ပျိုးချိန်ဖြစ်သောကြောင့် အမရပူရမြို့နယ်တွင် မိုးစပါးများ စတင်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် စပါးဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

မိုးစပါးတစ်ဧက စိုက်ပျိုးစရိတ်တစ်သိန်းခွဲခန့်ကုန်ကြောင်း၊ တစ်ဧကလျှင် ကောက်စိုက်သမ ၁၅ ဦးခန့်ဖြင့်စိုက်ပျိုးရကြောင်း၊ တစ်ဦးလျှင် ကျပ်၂၅၀၀ မှ ၃၀၀၀ ခန့်ပေးရကြောင်း၊ ယခုနှစ်တွင်ဧရာပဒေသာမျိုးများ စိုက်ပျိုးကြောင်း၊ ပြီးခဲ့တဲ့နွေစပါးကတော့ တစ်ဧကလျှင် တင်း ၁၂၀ ကျော်ထွက်ရှိကြောင်း၊ ယခုမိုးစပါးမှာ တစ်ဧကလျှင် တင်း ၇၀၊ ၈၀ သာထွက်ရှိကြောင်း၊ ယခုနှစ်တွင် စပါးတင်းတစ်ရာလျှင် ငါးသိန်းခွဲခန့် ဈေးပေါက်နေကြောင်း၊ ရာသီဥတုမှန်ပြီး အထွက်နှုန်းကောင်းလျှင် အဆင်ပြေကြောင်း၊ မိုးစပါးစိုက်ရက်မှာ ရက်ပေါင်း ၁၂၀ ကျော်ကြာကြောင်း၊ ဧရာပဒေသာမျိုး (ဒေသအခေါ်) ကောက်ကြီးစပါး ၁၂ ဧကခွဲခန့်စိုက်ပျိုးနေကြောင်း၊ နွေစပါးက အထွက်နှုန်းကောင်းပြီး ဈေးကောင်းမရဘဲ မိုးစပါးက အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရကြောင်း အမရပူရမြို့နယ် မန်းကျည်းချိုကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အမရပူရမြို့နယ်၌ ယခုနှစ်တွင် နွေစပါး ၉၀၂၄ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး မိုးစပါးစိုက်ပျိုးရန် ဧက ၁၂၃၈၀ လျာထားကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စာရင်းများအရ သိရသည်။

**သန်းဇော်မင်း**

# လူမှုအကျိုးပြုအဖွဲ့က မင်းကင်းမြို့နယ် ရေဘေးသင့်ဒေသရှိ ပြည်သူသုံးထောင်ကျော်အား ဆေးဝါးကုသပေးခဲ့

**မင်းကင်း စက်တင်ဘာ ၂**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ် သံဖောင်ဒေးရှင်းနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းပေါင်းစုံ 'အ'သုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့ပူးပေါင်း၍ ဥက္ကဋ္ဌ ဆရာဦးမျိုးသန့် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပါရဂူဘွဲ့သင်တန်းဦးစီးကော်မတီဝင်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) (နာယက၊ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်း) မှ ဦးဆောင်သော ရေဘေးသင့်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်မှကျေးရွာအုပ်စု ၁၈ စုနှင့် မင်းကင်းမြို့ပေါ်ရှိ ယွန်းကျောင်းရေဘေးသင့်စခန်းအပါအဝင် ကျေးရွာ ၃၈ ရွာမှ ပြည်သူများ ၃၂၉၈ ဦးအား ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မုံရွာ၊မန္တလေး၊ ရန်ကုန်မြို့ တို့သို့သွားရောက်၍ ကုသမှုခံယူကြရမည့် လူနာများအား ခရီးစရိတ်တစ်ဝက် ထောက်ပံ့ပေးခြင်း၊ ဝေးလံခက်ခဲ၍ ခေါင်းပါးသောဒေသများသို့ စောင်၊ ခြင်ထောင်၊ အဝတ်အထည်နှင့် အိမ်သုံးဆေးဝါးများ ပေးပို့ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ယင်းကျန်းမာရေးစောင့်ရှောက်မှုခရီး အောင်မြင်ရေးအတွက် ရန်ကုန်နှင့်မုံရွာမြို့ရှိ မင်းကင်းမြို့နယ်အသင်းဝင်များ၊ မင်းကင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ သားဖွားဆရာမများ၊ မင်းကင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်နှင့် မွေးရပ်မြေဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည်။

ယင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသည့်ဒေသများသို့လည်း သွားရောက်ကြမည်ဖြစ်သည်။ **(ကြေးမုံ)**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V POSITIVE STAR V. 109 သင်္ဘောသည် ၄-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V OCEAN SEAGULL V. 46 သင်္ဘောသည် ၅-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ (ကျပ်) ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 15/HPGE/15-16 [Transformer Oil (670) Drums ဝယ်ယူခြင်း]

၂။ Tender No-15 ၏ တင်ဒါပိတ်ရက်မှာ ၂၁-၉-၂၀၁၅ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**

ဝိနည်းဟူသည် -
ရဟန်း၊ သာမဏေတို့အတွက်သာဟု ထင်ကြ၏။
**လူတွေအတွက်လည်း ပါဝင်၏။**
လိုက်နာကျင့်သုံးတတ်လျှင် ရဟန်း၊ ရှင်၊ လူ
မည်သူမဆို သီလပိုင်း၊ ယဉ်ကျေးမှုပိုင်း
ပြည့်စုံရုံမျှမက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုပါ
ရနိုင်သည်ကို ထင်ရှားပီပြင်စွာ
စိတ်ဝင်စားဖွယ်ဖြစ်အောင် တင်ပြထားသော -
**ဟိတေသီနေလ အရှင်နိပုဏ ၏**
**ဝိနည်း (၅)ကျမ်းလာ**
**ကိုယ်ကျင့်တရားများ**
၀၆၄-၂၄၁၉၆ ၀၉-၄၄၈၅၃၆၀၀၀
ထွက်ပြီ။
၀၉-၂၂၀၀၂၉၆ ၀၉-၅၉၉၇၉၇၄၄၂


သင် -------------- ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ
ဆရာရှင်မင်း(B.A)
အကြားအမြင် မနောစွမ်းအား
မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ ရောက်ရှိလာပါပြီ
ဖြစ်လိုသောကိစ္စများကိုအစွမ်းထက် မနောစွမ်းအား ဂန္ဓာရီပညာဖြင့်စီမံဆောင်ရွက်
ပေးသည်။ မနောစွမ်းအားဖြင့် အကော်အခဲများအောင်မြင်စေရမည်။ နှုန်း၃၀၀၀ိ/
တိုက်အမှတ်(၉၄)၊ပထပ်၊မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊09-421164758,09-425028226

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ယတြာမင်း
